ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်၊ စနေနေ့၊ (25-8-2007) (၅၄၂၀)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ အဘူရိုရှ်ဒီရိုကိုနုဒ်ဒေါ်လာ နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ အဘူရိုရှ်ဒီရိုကိုနုဒ်ဒေါ်လာသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ် ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အဘူရိုရှ်ဒီရို ကိုနုဒ်ဒေါ်လာအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၅–၈–၂၀၀၇ (စနေနေ့)

ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်

စွမ်းအင်ဝန်ကြီးဌာနက ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်ဒေသများတွင် တိုးချဲ့ရှာဖွေ ထုတ်လုပ်နေသည်။

ကုန်းတွင်းရေနံနှင့် ဘဘာဝဓာတ်ငွေ့မြေများ၌ တွင်းဟောင်းများ ပြုပြင်ခြင်းနှင့် တွင်းသစ်များ ရှာဖွေတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။ ဧရာဝတီတိုင်း၌ ညောင်တုန်း ဘူမိအနေအထားနှင့် ဆက်စပ်နေသည့် မအူပင်၊ ပန်းတနော်၊ ညောင်တုန်း(အလယ်) ရေနံနှင့် သဘာဝဓာတ်ငွေ့မြေတို့ဖြစ်သည်။

ညောင်တုန်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေ၌ တွင်းသစ်များရှာဖွေတူးဖော်လျက်ရှိရာ ထုတ်လုပ်မှုအလားအလာ ကောင်းမွန်နေသည်။ အဆိုပါ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေမှ နေ့စဉ် သဘာဝဓာတ်ငွေ့ကုဗပေ သန်း ၈၀ ကျော်နှင့် လေဆီစည် ၇၀၀ ကျော် ထုတ်လုပ်လျက်ရှိသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက မအူပင် သဘာဝဓာတ်ငွေ့မြေရှိ မအူပင်(တောင်) အစမ်းတွင်း အမှတ်(၁)ကို စမ်းသပ်တူးဖော်ခဲ့ရာ အဆိုပါတွင်းသစ်မှ သဘာဝဓာတ်ငွေ့ ကုဗပေ ၃ ဒသမ ၂ သန်း နေ့စဉ် ထုတ်လုပ်နေသည်။ အလားတူ ညောင်တုန်းရေနံမြေ၌ တွင်းသစ်အမှတ်(၄၂)ကို တူးဖော်ခဲ့ရာ အဆိုပါတွင်းသစ်မှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ သုံးသန်းကျော် ထုတ်လုပ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ဖြစ်တည်နေမှုသည် ကုန်းတွင်းပိုင်းတွင်သာမက ကမ်းလွန်ပင်လယ်ပြင် လုပ်ကွက်များတွင်ပါ အလားအလာ ကောင်းမွန်လျက်ရှိသည်။ ယခုအခါ မုတ္တမကမ်းလွန် လုပ်ကွက်၌ ရှာဖွေရေးတွင်းများ စမ်းသပ်တူးဖော်ခဲ့ရာ သဘာဝဓာတ်ငွေ့ ခိုအောင်းမှုပမာဏ များပြားကြောင်း တွေ့ရှိနေသည်။

မြန်မာ့ကမ်းလွန်ပင်လယ်ပြင် လုပ်ကွက်များနှင့် ကုန်းတွင်းပိုင်း ရေနံမြေများ၊ သဘာဝဓာတ်ငွေ့မြေအသစ်များမှ တွေ့ရှိမှုအလားအလာ ကောင်းများကို အခြေခံ၍ ဆက်လက်ကြိုးပမ်း ရှာဖွေတူးဖော်ကြခြင်းဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ပိုမိုတိုးတက် ထုတ်လုပ်လာနိုင်မည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း သဃ်ၤန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် အောင်ဇေယျ ၆ လမ်းနေ ဦးမြင့်သိန်း–ဒေါ်နွဲ့နွဲ့အုန်း၊ သားသမီးများ ကိုသူရ၊ မရီရီခိုင်၊ ကိုကိုလတ်၊ မစန်းစန်းလွင်၊ (ကိုသိန်းထူး)၊ ကိုညီငယ်၊ ဇင်နွယ်သိန်း၊ မေဇင်သိန်း၊ နွယ်နီဟိန်းနှင့် မြေး သီတာအောင်လွင်၊ ခိုင်ရွှေရည်ထက်၊ ဆုလဲ့ရည်ထက်၊ သီရိထက်မိသားစုတို့က အလှူငွေကျပ် ၁၅၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကလျာဏ (နာလန္ဒာ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကျိုက်သလ္လံစေတီတော် ဘက်စုံပြုပြင်တည်ဆောက်ရေး လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၂၄

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်သလ္လံစေတီတော် မြတ်ကြီး ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။ ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် လှူဒါန်းလိုသူများသည် မော်လမြိုင်မြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဘက်စုံပြုပြင်တည်ဆောက်မှုလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင် ဖုန်း–၀၅၇–၂၄၈၇၈၊ စေတီတော် ဖုန်း–၀၅၇–၂၁၃၃၄၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း–၀၅၇–၂၃၀၀၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှတ်(၁) လျှပ်စစ်ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရွှေကျင်နှင့် ကွန်းချောင်းလျှပ်စစ်စီမံကိန်းများကို ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

အမှတ် (၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း ရွှေကျင် ရေအားလျှပ်စစ် စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(အမှတ်–၁၊ လျှပ်စစ်)

နေပြည်တော် ဩဂုတ် ၂၄

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် တာဝန်ရှိသူများ လိုက်ပါ၍ ပဲခူးတိုင်း ရွှေကျင် အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီး၌ အမှတ်(၄) တည်ဆောက်ရေးမှ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းသို့ ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် ရောက်ရှိသည်။

ရှေးဦးစွာ စီမံကိန်း ရှင်းလင်းဆောင်၌ ဝန်ကြီးအား စီမံကိန်းညွှန်ကြားရေးမှူး ဦးရွှေခိုင်၊ စီမံကိန်းလက်ထောက်ညွှန်ကြားရေးမှူး–၂(မြို့ပြ) ဦးဟိန်းထက်နှင့် လက်ထောက်ညွှန်ကြားရေးမှူး–၃ (မြို့ပြ) ဦးမြင့်ဦးတို့က လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။ တင်ပြချက်များအပေါ် ဝန်ကြီးက လုပ်ငန်းအပိုင်းလိုက် ပြီးစီးအောင်ဆောင်ရွက်ရမည့်ကာလများ သတ်မှတ်ပေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် စီမံကိန်းမှ တာဝန်ရှိသူများလိုက်ပါ၍ စီမံကိန်းလုပ်ငန်းသုံး ကျောက်ထုတ်စခန်း၌ကျောက်များထုတ်လုပ်မှု၊စုဆောင်းရရှိမှုအခြေအနေကို စစ်ဆေးသည်။ ဆက်လက်၍ စီမံကိန်း ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သဘာဝအလှအပ မပျက်စီးရေး၊ သစ်တောသစ်ပင်များ ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ရေး အတွက်စီမံကိန်းရှိ ဝန်ထမ်းမိသားစုများက စီမံကိန်း ဧရိယာအတွင်း အစားထိုး သစ်ပင်စိုက်ကွင်း အမှတ်(၁)၌ နှစ်ရှည်ရော်ဘာအပင် ၃၀၀၀ စိုက်ပျိုးနေသည်ကိုသွားရောက်ကြည့်ရှုအားပေးပြီးနောက် ဝန်ကြီးက အမှတ်တရ ရော်ဘာပင်ကို စိုက်ပျိုးပေးသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဆက်လက်၍ ရော်ဘာပင် အမှတ်တရ စိုက်ပျိုးကြသည်။ ဆက်လက်၍ ဝန်ကြီးသည် အစားထိုး သစ်ပင်စိုက်ခင်း အမှတ်(၂)တွင် စီမံကိန်း ဝန်ထမ်းမိသားစုများက သရက်ပင် ၃၅၀ စိုက်ပျိုးနေသည်ကို သွားရောက်ကြည့်ရှုအားပေး၍ အမှတ်တရ သရက်ပင် စိုက်ပျိုးပေးသည်။

ထို့နောက် ဝန်ကြီးသည် ရေလွှဲရေထုတ်ပြွန်(အထွက်ပိုင်း)မှ ရေစီးဆင်းမှုအခြေအနေ၊ ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် မြေကြီးကျောက်သားတူးဖော်ခြင်းလုပ်ငန်း၊ အချင်း ၂၅ ပေရှိ ဖိအားမြှင့် သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းနှင့် ကွန်ကရစ် သွန်းလောင်းခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း၊ ရေပိုလွှဲ တစ်လျှောက် မြေကြီးကျောက်သားတူးဖော်ခြင်းလုပ်ငန်းတို့ကို အသေးစိတ်လှည့်လည် ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရွှေကျင် ရေအားလျှပ်စစ် စီမံကိန်းသည် စက်တပ်ဆင်အင်အား ၇၅ မဂ္ဂါဝပ်ဖြစ်ပြီး တည်ဆောက်မှုလုပ်ငန်းမှာ စီမံကိန်းတစ်ခုလုံး၏ ၅၅ ဒသမ ၁၃ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် ဖြူးမြို့အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းပေါ်တွင် အမှတ်(၃) တည်ဆောက်ရေးမှ တည်ဆောက် အကောင်အထည် ဖော်လျက်ရှိသော ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးကြပြီး ဝန်ကြီးက လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးသည်။

ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းသည် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၆၀ ဖြစ်ပြီး တည်ဆောက်မှုလုပ်ငန်းမှာ စီမံကိန်းတစ်ခုလုံး၏ ၅၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၆၀ မှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီ သန်းပေါင်း ၁၉၀ သန်းခန့် ထုတ်လုပ်ဖြန့်ဖြူးပေးမည့် စီမံကိန်းဖြစ်သည်။

ဝန်ကြီးသည် စီမံကိန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာ၌ တာဝန်ရှိသူများအား စီမံကိန်းများကို သတ်မှတ်ကာလထက်စော၍ပြီးစီးအောင်ကြိုးပမ်းဆောင်ရွက်ရေး၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သစ်တောသစ်ပင်နှင့် သဘာဝအလှအပများ မပျက်စီးအောင်ဆောင်ရွက်ရေး၊ အလေအလွင့် နည်းပါးရေး၊ ခြိုးခြံချွေတာရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ငွေကျပ်(၁၀၀)တန် ထီဖွင့်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

(၂၂၄)ကြိမ်မြောက် ငွေကျပ်(၁၀၀)တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီမှစတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း(၅၀၀)တစ်ဆု၊ ငွေကျပ်သိန်း(၃၀၀)နှစ်ဆု၊ ငွေကျပ်သိန်း(၂၀၀)လေးဆု၊ ငွေကျပ်သိန်း(၁၀၀) ၃၅ဆု၊ ငွေကျပ်(၁၀)သိန်း ၅၄၄ ဆု၊ ငွေကျပ်ငါးသိန်း ၁၉ ဆု၊ ငွေကျပ်လေးသိန်း ၂၃ ဆု၊ ငွေကျပ်နှစ်သိန်း ၁၉၃ ဆု၊ ငွေကျပ်တစ်သိန်း ၁၅၃၀ ဆု၊ ငွေကျပ်ရှစ်သောင်း ၆၀ဆု၊ ငွေကျပ်လေးသောင်း ၁၀၁ ဆု၊ ငွေကျပ်နှစ်သောင်း ၁၅၈၄၂ ဆု စုစုပေါင်း ၁၈၃၅၄ ဆုတို့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာသနာ့ရောင်ခြည်ဓမ္မာရုံ ဝါတွင်းဥပုသ်တရားပွဲ

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ဘုမ္မာ (အနောက်ပိုင်း)ရှိ သာသနာ့ရောင်ခြည်ဓမ္မာရုံတော်ကြီး၌ ဝါတွင်းကာလလပြည့်၊ လကွယ်၊ ဥပုသ်ရက်များတွင် မွန်းလွဲ ၁ နာရီ၌ အထူးတရားပွဲများ ကျင်းပသွားမည်ဖြစ်ရာ အရှင်ပညာဝံသ (B.Aနာလန္ဒာတက္ကသိုလ်) ပဓာနနာယကဆရာတော် ညောင်ကန်အေးကွင်းကျောင်း၊ အောင်တော်မူ ဒေါက်တာသုန္ဒရ သဒ္ဓမ္မဇောတိကဓဇ နာယကအကျိုးတော်ဆောင် မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း၊ ဒေါက်တာဝိစိတ္တ (ပဲခူး) ဂဏဝါစကစာချဆရာတော် ညောင်ကန်အေးကွင်းကျောင်း၊ ဗုဒ္ဓဂယာဒေါက်တာတေဇိန္ဒ (ကျမ်းပြု) အမှုဆောင် ဆရာတော်၊ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းနှင့် ဒေါက်တာပညာနန္ဒ (မြင်းခြံ) ပိဋကတ်ကျောင်း သဃ်ၤန်းကျွန်းဆရာတော်တို့က ဟောကြားကြမည်ဖြစ်ရာ တရားတော်များ ကြွရောက်နာယူနိုင်ကြကြောင်း သိရသည်။ (က–ပ)

သာစည်မြို့နယ်အသင်း(ရန်ကုန်) စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၂ ရက်က ရန်ကင်းမြို့နယ် အောင်ချမ်းသာ ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ အသင်းနာယက သီရိသုဓမ္မသီဂိ ဒေါ်အေးအေးချိုက အသင်းဝင် ဦးစိုးမြင့်–ဒေါ်ခင်လေးရီ (နယူးရွှေစင်ရတနာရွှေဆိုင်) တို့၏သား ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် သုံးဘာသာဂုဏ်ထူးရှင် မောင်ဟိန်းသူ (တပ်မတော်ဆေးတက္ကသိုလ်)အား ဆုချီးမြှင့်စဉ်။ (က–ပ)

ကြည့်ရှု အားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လားရှိုးမြို့ ၂၀၀၇ခုနှစ် ဆင်းရွှေလီ အထူးထွက်တိုး မိုးစပါးဓာတ်မြေဩဇာ ကြဲပက်ပွဲတွင် သဘာဝမြေဩဇာများနှင့် ဓာတ်မြေဩဇာများ ကြဲပက်နေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မြေလွတ်မြေရိုင်းများတွင် ဒေသအာဏာပိုင်များပံ့ပိုးမှုဖြင့် စိုက်ပျိုးရေးတိုးချဲ့လုပ်ကိုင် စပါးရော ဆီထွက်သီးနှံများပါ ပန်းတိုင်အထွက်နှုန်းထက် ကျော်လွန်နေပြီဖြစ်ရာ ဝိုင်းဝန်းထိန်းသိမ်း

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ထူးချွန်တောင်သူများအားဆုချီးမြှင့်ပွဲသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဩဂုတ် ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ဩဂုတ် ၂၃ရက် နံနက် ၉နာရီတွင် လားရှိုးမြို့ ရွှေလီရတနာခန်းမ၌ နမ့်ခမ်းမြို့အနီး တည်ဆောက်လျက်ရှိသော ရွှေလီရေအားလျှပ်စစ်စီမံကိန်းနှင့် ရွှေလီတံတား (နမ့်ခမ်း)တည်ဆောက်ရေးစီမံကိန်းတို့မှ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ရှေးဦးစွာ စီမံကိန်းနှင့် စပ်လျဉ်း၍ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေလင်းက ရွှေလီ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်သန်းထွဋ်က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှတ်တမ်းမှတ်ရာ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နိုင်ငံတော်၏ လျှပ်စစ်စွမ်းအား လိုအပ်ချက်အရ စီမံကိန်းကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်၊ ဖြစ်နိုင်က သတ်မှတ်ချိန်ထက် စောပြီးအောင် ကြိုးစားလုပ်ဆောင်ကြရန်၊ စီမံကိန်းလုပ်ဆောင်မှု အတွေ့အကြုံများ၊ နည်းပညာရပ်များကို လေ့လာမှတ်သားသင်ယူပြီး လက်ဆင့်ကမ်းပညာ ဖြန့်ဝေပေးနိုင်ရေးအတွက် မှတ်တမ်းမှတ်ရာများ ပြုစုထားရန်လိုကြောင်း ပြောကြားသည်။

ရွှေလီရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၁၇မိုင်ခန့်အကွာ ရွှေလီမြစ်ပေါ်၌ ကွန်ကရစ်တမံ အဖြစ် တည်ဆောက်ထားပြီး မဂ္ဂါဝပ် ၆၀၀ စက်တပ်ဆင်၍ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၄၀၂၂ ကီလိုဝပ် ထုတ်ယူနိုင်ကြောင်း သိရှိရသည်။

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး စီမံကိန်း အထူးအဖွဲ့ (၁၆)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကြည်က ရွှေလီတံတား(နမ့်ခမ်း) တည်ဆောက်ရေးလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ် အောင်သန်းထွဋ်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မန္တလေး-လားရှိုး-မူဆယ်-ဗန်းမော် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ရွှေလီတံတားကြီးသည် ကုန်သွယ်ရေးကဏ္ဍတွင် အရေးပါသော တံတားတစ်စင်း ဖြစ်ကြောင်း၊ တံတားကြီး ရေရှည်တည်တံ့စေရေး၊ ချဉ်းကပ်လမ်း အနေအထားများနှင့် မြေပြိုမှုများ မဖြစ်စေရေးအတွက် ဖြစ်ပေါ်လာနိုင်မည့် ပျက်စီးမှုများကို ကြိုတင်တွက်ချက်ထားရန်၊ ကျောက်စီမြေထိန်း နံရံများ ပြုလုပ်ပြီးထိန်းသိမ်းသွားကြရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် လားရှိုးမြို့ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဆင်းရွှေလီအထူးအထွက်တိုး နွေစပါး ထူးချွန်တောင်သူများ၊ မြို့နယ်၊ ခရိုင်များအား ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်သိန်းက ပြည်နယ်၏ ဒေသဝမ်းစာဖူလုံမှု၊ စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းအောင်မြင်မှု၊ နွေစပါး တစ်ဧက တင်း ၂၀၀အထက် ယှဉ်ပြိုင်ကွက်များ ရိတ်သိမ်းထွက်ရှိမှု အခြေအနေများနှင့် စပါးသီးနှံတစ်ဧက တင်း ၂၅၀ထွက်ရှိရေး လိုက်နာရန် နည်းလမ်းများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ပြည်နယ်အတွက် စိုက်ပျိုးရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဒုတိယဥက္ကဋ္ဌ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၀၆-၂၀၀၇ခုနှစ် ဆင်းရွှေလီနွေစပါး၊ တစ်ဧက အထွက်နှုန်းတင်း ၂၅၀အထက် ထွက်ရှိသော ထူးချွန်တောင်သူများအား ဆုတံဆိပ်များနှင့် ဆုငွေများကို ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ်က ဆင်းရွှေလီအထူးထွက်တိုး နွေစပါး မြို့နယ်အဆင့် ၁၀ ဧက စံပြယှဉ်ပြိုင်ကွက်များတွင် ပျမ်းမျှအထွက်နှုန်း အများဆုံးရရှိသည့် မြို့နယ်အသင်းသုံးသင်းဖြစ်သော နမ့်ခမ်း၊ ကျောက်မဲ၊ မူဆယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အသင်းတို့အား လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဆင်းရွှေလီ အထူးထွက်တိုး နွေစပါး ခရိုင်အဆင့် ဧက ၁၀၀ စံပြ ယှဉ်ပြိုင်ကွက်များတွင် ပျမ်းမျှအထွက်နှုန်း အများဆုံးရရှိသည့် ခရိုင်အသင်း သုံးသင်းဖြစ်သော တတိယဆုရ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအသင်း၊ ဒုတိယဆုရ လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအသင်း၊ ပထမဆုရ မူဆယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအသင်း တို့ အားလည်းကောင်း ဆုတံဆိပ်များနှင့် ဆုငွေများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ထူးချွန်တောင်သူဆုချီးမြှင့်ပွဲတွင် စုစုပေါင်းငွေကျပ် ၄၉သိန်း လေးသောင်းချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

စပါးအထွက်နှုန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် စပါးအထွက်နှုန်းများပိုမိုကောင်းမွန်လာကြောင်း၊ စပါးပင်မ စိုက်ပျိုးနိုင်သည့် မြစ်ဝကျွန်းပေါ်နှင့် ယှဉ်ပြိုင်ထွက်ရှိလာပြီဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်းလည်းဖြစ် စိုက်ပျိုးရေးလည်းဖြစ်သော စပါးစိုက်ပြီး ဆုယူရသည်မှာ ဂုဏ်ယူစရာဖြစ်၍ 'စပါးစိုက်ပျိုး ဂုဏ်ရည်တိုး'ဟုပင် ခေါ်ဆိုရမည်ဖြစ်ကြောင်း၊ စပါးအထွက်နှုန်းတိုးတက်လာအောင် စပါးစိုက်တောင်သူကြီးများအနေဖြင့် ဝိုင်းဝန်းကြိုးစားရမှာဖြစ်ကြောင်း၊ တစ်နှစ်ထက်တစ်နှစ် အထွက်နှုန်း ကောင်းစေရန် စပါးစိုက်တောင်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါ ဝိုင်းဝန်းကြိုးစားရမှာဖြစ်ကြောင်း၊ ယခုဆုပေးပွဲသည် ထိုက်ထိုက်တန်တန် ဆုများ ပေးအပ်ခြင်းဖြစ်ရာ ဆုရရှိသူများအနေဖြင့် အခြားတောင်သူများပါစည်းရုံး အတုယူ ကြိုးစားကြစေလိုကြောင်း၊ တစ်ဧက အထွက်နှုန်း တိုးတက်ရေး အတွက် သတ်မှတ်စွမ်းအားစုများအပြည့်အဝ ထည့်သွင်းအသုံးပြုခြင်းဖြင့် မိသားစုဝင်ငွေများ တိုးတက်လာမှာဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးဖြင့် စီးပွားဖြစ်အောင်လုပ်ရမည်ဖြစ်ကြောင်း၊ "လေလာတုန်းရွက်လွှင့်ပါ" ဆိုသည့်စကားအတိုင်း မြေလွတ်မြေရိုင်းများတွင် ဒေသအာဏာပိုင်များ၏ ပံ့ပိုးမှုဖြင့် စိုက်ပျိုးရေး တိုးချဲ့လုပ်ကိုင်ခြင်းသည် အခွင့်ကောင်းများပင်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မြေလွတ်မြေရိုင်း ဧကရှစ်သိန်းကျော်ရှိပြီး ဒေသအာဏာပိုင်များမှလည်း ပံ့ပိုးမှုရှိသဖြင့် စိုက်ပျိုးရေးကို တိုးချဲ့လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ယခုအခါ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် စပါးရော ဆီထွက်သီးနှံများပါ ပန်းတိုင်အထွက်တိုး ထက်ကျော်လွန်နေပြီဖြစ်ရာ အရှိန်အဟုန်မပျက်စေရန် ဝိုင်းဝန်းထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စေတနာကို သိရှိနားလည်ပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် မေတ္တာဖြင့် တုံ့ပြန်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်မွေး၍ အမြဲတမ်း တိုင်းပြည်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်စေရေးကို ဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တောင်သူဦးစောကျော်၏ ၂၀၀၇ခုနှစ် ဆင်းရွှေလီ အထူးအထွက်တိုး မိုးစပါး ဓာတ်မြေဩဇာ ကြဲပက်ပွဲတွင် သဘာဝမြေဩဇာများနှင့် ဓာတ်မြေဩဇာများ ကြဲပက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

အဆိုပါ တောင်သူဦးစောကျော်၏ ဆင်းရွှေလီစပါးစိုက်ခင်းသည် ၃ ဒသမ ၄၀ ဧက ရှိပြီး တစ်ဧကလျှင် တင်း ၂၈၅တင်း ထွက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ခြစည်းရိုးကြက်ဆူ ဆီဖြင့် ဒေသမီးလင်းရေးနှင့် ဆင်းရွှေလီစပါးပျိုးပင်များနှင့် ဆီထွက်သီးနှံမျိုးစေ့များ ခင်းကျင်းပြသထားသည်ကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးဗိုလ်ချုပ် အောင်သန်းထွဋ်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်သူ့ဆေးရုံကြီး၏ ဆေးပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားတွင် တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ်က ပြည်နယ်ပြည်သူ့ဆေးရုံကြီးအတွက် အလှူငွေပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပြည်နယ်ပြည်သူ့ဆေးရုံကြီး အတွက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)မှ လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ် အောင်သန်းထွဋ်က လက်ခံသည်။

ယင်းနောက် ပြည်နယ် ပြည်သူ့ဆေးရုံကြီးသို့ အလှူငွေများ ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ အေးရှားဝေါလ်ကုမ္ပဏီ၊ အေသုံးလုံး ဘိလပ်မြေစက်ရုံ၊ အေအမ်စီ (AMC) ကုမ္ပဏီ၊ Green Circle ကုမ္ပဏီ၊ ပတ္တမြားဥယျာဉ် ကုမ္ပဏီနှင့် ငွေရည်ပုလဲကုမ္ပဏီတို့က ငွေကျပ် ၁၀ သိန်းစီ ပေးအပ်လှူဒါန်းရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်ကလည်းကောင်း၊ စိန်ဝတ်မှုံကုမ္ပဏီ၊ ရွှေစပါး ကုမ္ပဏီ၊ East,Asia Tower ကုမ္ပဏီ၊ ရှမ်းရိုးမ အေးချမ်းရေးကုမ္ပဏီ၊ ရွှေလီဂရိတ်မိုင်းနင်းကုမ္ပဏီနှင့် ရွှေမြင်းနှစ်ကောင် ဓာတ်ခဲစက်ရုံတို့က ငွေကျပ် ၁၀သိန်းစီကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စိုင်းဝင်းစံကလည်းကောင်း အသီးသီးလက်ခံကြသည်။

အဆိုပါ လှူဒါန်းပွဲတွင် လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ်သိန်း ၂၂၀ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဩဂုတ် ၂၀ရက်က မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ယုဇနခန်းမ၌ကျင်းပရာ Grade 3(A) မှ ပထမဆုရသူ မနန်းဥမ္မာဝေ(ခ)ကျင်းကျင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းခိုင် ဆုချီးမြှင့်စဉ်။

(ပညာရေး)

ခရီးသည်တင်လေယာဉ်ကို အပိုင်စီးခဲ့သူ အကြမ်းဖက်စခန်း၌ သင်တန်းတက်နေသူဟုဆို

အန်ကာရာ ဩဂုတ် ၂၃

ဆိုက်ပရပ်နိုင်ငံမှ တူရကီနိုင်ငံ အစ္စတန်ဘူမြို့သို့ ပျံသန်းလာသည့် ခရီးသည် ဂျက်လေယာဉ်တစ်စင်းကို စနေနေ့က အပိုင်စီးခဲ့သော လေယာဉ် အပိုင်စီးသူနှစ်ဦးအနက် တစ်ဦးဖြစ်သူ အဗ္ဗဒူအဇစ်တာလစ်သည် အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်စခန်းတွင် သင်တန်းတက်နေသူ တစ်ဦးဖြစ်ကြောင်း အနာတိုလီယာသတင်းဌာနက တနင်္လာနေ့တွင်ဖော်ပြသည်။

အသက် ၃၃ နှစ်ရှိသည့် တာလစ်သည် စက်တင်ဘာ ၁၁ရက်တိုက်ခိုက်မှုတွင်ပါဝင်ခဲ့သူ တစ်ဦးနှင့်အတူ ထောင်ကျခဲ့သူတစ်ဦးဖြစ်ပြီး ဆော်ဒီအာရေဗျထောင်တွင် ထောင်ဒဏ်တစ်သက် တစ်ကျွန်းကျရန် အပြစ်ပေးခံရသူဖြစ်သည်ဟု အန်ကာရာ ရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

တာလစ်သည် မီမက်ရီဆက်အော့ဇလူနှင့် ဆိုက်ပရပ်နိုင်ငံ မြောက်ပိုင်းဒေသတွင် လွန်ခဲ့သည့်တစ်နှစ်က တွေ့ခဲ့ပြီး တစ်လကြာ အတူနေထိုင်ခဲ့ကြကြောင်း၊ တာလစ်နှင့် အော့ဇလူတို့က အယ်လ်ခိုင်ဒါအကြမ်းဖက် ကွန်ရက်စခန်းရှိရာ အာဖဂန်နစ္စတန်နိုင်ငံသို့ သွားပြီး အဆက်အသွယ် ပြုလုပ်ရန်ဆန္ဒရှိနေကြကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

စနေနေ့တွင် လေယာဉ်အပိုင်စီးသူနှစ်ဦးက ခရီးသည်လေယာဉ်တစ်စင်းကို အပိုင်စီးပြီးနောက် တူရကီနိုင်ငံ အန်ကာရာ လေဆိပ်ရှိ တူရကီလုံခြုံရေးတပ်ဖွဲ့များထံသို့ လက်နက်ချခဲ့သည်။

လေယာဉ်ပေါ်တွင်ခရီးသည် ၁၃၆ဦးနှင့် လေယာဉ်ဝန်ထမ်းခြောက်ဦးတို့စီးနင်းလိုက်ပါခဲ့သည်။ လေယာဉ်အပိုင်စီးသူနှစ်ဦးက လေယာဉ်မှူး၏အခန်းသို့ ဝင်ရောက်စီးနင်းကာ အပိုင်စီးခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

မက္ကဆီကိုနိုင်ငံတောင်ပိုင်း ဗီရာခရုဇ်ဒေသတွင် ဒင်းမုန်တိုင်းတိုက်ခတ်ပြီးနောက် သစ်ပင်များလဲကျနေသည်ကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပြန်ပေးဆွဲသူများအား ဖိလစ်ပိုင်ရဲတပ်ဖွဲ့ ဖမ်းဆီး အိန္ဒိယကုန်သည်တစ်ဦးအား ကယ်တင်နိုင်

မနီလာ ဩဂုတ် ၂၃

ဖိလစ်ပိုင်နိုင်ငံ ရဲတပ်ဖွဲ့သည် မနီလာမြို့အနီးရှိ ပြန်ပေးဆွဲသူများကို ဝင်ရောက်ဖမ်းဆီးရာ အိန္ဒိယလူမျိုး ကုန်သည်တစ်ဦးအား ကယ်တင်နိုင်ကြောင်း၊ လူဆိုးသုံးဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့အကြီးအကဲက ဩဂုတ် ၂၀ရက်တွင် ပြောကြား သည်။

မနီလာမြို့ အရှေ့ဘက် ကီလိုမီတာ ၂၀ (၁၂မိုင်) ကွာဝေးသော အင်တီပိုလီမြို့ရှိ မောင်တိန်ကျေးရွာ တွင် ဩဂုတ် ၁၉ ရက် ညပိုင်းက ၄၁ နှစ်အရွယ် ဂူမတ်ချ်ဆင်းအား ကယ်တင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် လူဆိုးဂိုဏ်းများသည် အိန္ဒိယ၊ တောင်ကိုရီးယား၊ စင်ကာပူနှင့် မလေးရှားနိုင်ငံမှ နိုင်ငံခြားသားများကိုလည်း ပြန်ပေးဆွဲကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

အင်ဒိုနီးရှားတွင် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် တစ်ဦးသေဆုံး

ဂျကာတာ ဩဂုတ် ၂၃

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းအပန်းဖြေစခန်းတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကြောင့် ၂၈နှစ်အရွယ် အမျိုးသမီးတစ်ဦး ဩဂုတ် ၂၁ ရက်က သေဆုံးခဲ့သည်။ ၎င်းသည် တာဘာနန်တွင် ကြက်အရောင်းအဝယ် လုပ်နေသူဖြစ်သည်။ ကြက်ငှက်တုပ်ကွေးရောဂါ သေချာခဲ့လျှင် ၎င်းသည် ဘာလီကျွန်းတွင် ယင်းရောဂါဖြင့်ဒုတိယ သေဆုံးသူ ဖြစ်မည်။ ပထမသေဆုံးသူ အမျိုးသမီးမှာ ဂျမ်ဘရာနာဖြစ်သည်။

၎င်းသည် ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးကြောင်း၊ အလားတူပြီးခဲ့သောအပတ်က အမျိုးသမီးတစ်ဦးသည်လည်း ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးကြောင်းဘာလီကျွန်း ဆန်ဂလာချ်ဆေးရုံရှိဒေါက်တာမူတူအင်ဒရီကာက ပြောကြားသည်ကို နယူးစ်ဝက်ဘ်ဆိုက်ဒီတက်ခ်ကွန်တွင် ကိုးကားဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အီရတ်တွင် ပစ်ခတ်မှုကြောင့် ၁၁ ဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၂၃

အီရတ်နိုင်ငံရှိ ဆွန်နီအာရပ်များ အများဆုံးနေထိုင်ရာ လက်တီဖိယာမြို့အနီးတွင် ဩဂုတ် ၂၁ ရက်က သေနတ်သမားများ၏ ပစ်သတ်မှုကြောင့် မိသားစုဝင်ခုနစ်ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့နှင့် ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူက ပြောကြားသည်။

ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၄၀ (၂၅ မိုင်)ရှိ လက်တီဖိယာမြို့အနီး မူဝဲလ်ဖာကျေးရွာရှိအိမ်တစ်အိမ်အတွင်းသို့ သေနတ်သမားများ ဝင်ရောက်ပစ်ခတ်မှုကြောင့် အမျိုးသမီးသုံးဦးနှင့် နှစ်နှစ်အရွယ် မိန်းကလေးတစ်ဦး သေဆုံးပြီး အမျိုးသမီးနှစ်ဦး ဒဏ်ရာရကြောင်း၊ အခြားမိသားစုမှလည်း အမျိုးသားသုံးဦးသေဆုံးကြောင်းလက်တီဖိယာမြို့ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၁၀၀ (မိုင် ၆၀)ရှိ ဟီးလ်လာမြို့၌လည်း အမျိုးသမီးသုံးဦးနှင့် မိန်းကလေးတစ်ဦး သေဆုံးကြောင်း ဟီးလ်လာမြို့ ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင် လူသုံးဦးကိုသတ်ဖြတ်ခဲ့မှုဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး စွဲချက်တင်ခံရ

ဆန်ဖရန်စစ္စကို ဩဂုတ် ၂၂

အီရတ်နိုင်ငံ ဖလူးဂျာမြို့တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဟောင်းနှစ်ဦးသည် ၂၀၀၄ ခုနှစ်က လူသုံးဦးကို သတ်ဖြတ်မှုဖြင့် အမှုရင်ဆိုင်နေရကြောင်း အမေရိကန် တာဝန်ရှိပုဂ္ဂိုလ်များက တနင်္လာနေ့တွင် ပြောကြားသည်။

တပ်ကြပ်ကြီး ဂျာမင်နယ်လ်ဆင်သည် ဖလူးဂျာမြို့ရှိ ပြည်ပနိုင်ငံသားတစ်ဦးကို ၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၉ ရက်က သတ်ဖြတ်ခဲ့သည်ဟု စစ်ဘက်မှ အစိုးရရှေ့နေများက စွဲချက်တင်ထားသည်။ နယ်လ်ဆင်၏ တပ်ဖွဲ့မှခေါင်းဆောင် ဂျိုဆေးလူဝစ္စနာဇာရီယိုလည်း ရာဇဝတ်ပြစ်မှု များဖြင့် စွဲချက်တင်ခံထားရသည်။ ၎င်းသည် တပ်မှထွက်ပြီးနောက် ကယ်လီ ဖိုးနီးယားပြည်နယ် ရေဗားဆိုက်ဒေသရှိ အမေရိကန်ရှေ့နေက စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်နိုင်ငံ ဖလော်ရီဒါကမ်းခြေရှိ ကနေဒီအာကာသယာဉ်စခန်းသို့ ပြန်လည်ဆင်းသက်လာသော အင်ဒဲဗားအာကာသလွန်းပြန်ယာဉ်ကို ဩဂုတ် ၂၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကြေးမုံ The Mirror

နိုင်ငံတကာသတင်းများ

အဘူဒါဘီသဘာဝပတ်ဝန်းကျင်ဌာန ဦးချိုရှည်သမင် ၁၀၀ ခန့် နှစ်စဉ်လွှတ်ပေးရန် စီစဉ်

အဘူဒါဘီ ဩဂုတ် ၂၃

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)၏ မြို့တော်ရှိ အဘူဒါဘီသဘာဝပတ်ဝန်းကျင်ဌာနက ဦးချိုရှည်သမင်မျိုး အကောင် ၁၀၀ ခန့်ကို တောတွင်းသို့ နှစ်စဉ်လွှတ်ပေးရန် စီစဉ်နေကြောင်း ဒေသခံ ခါလီတိုင်းမ်သတင်းစာက အင်္ဂါနေ့တွင် ရေးသားသည်။

အဆိုပါအစီအစဉ်သည် ဦးချိုရှည်သမင်မျိုး မျိုးမသုဉ်းစေရန် ထိန်းသိမ်းသည့် ကြိုးပမ်းမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ အဆိုပါသမင်မျိုးမှာ ၁၉၆၀ ပြည့်နှစ်မှစ၍ နိုင်ငံအတွင်း မျိုးသုဉ်းရန် စိုးရိမ်ရသည့်မျိုးစိတ်ဖြစ်ပြီး မုဆိုးများ၏ ဖမ်းဆီးသတ်ဖြတ်မှုများနှင့် တောလိုက်မှုဆိုင်ရာ စည်းကမ်းများမရှိမှုကြောင့် ကောင်ရေ လျော့နည်းခဲ့ရခြင်းဖြစ်ကြောင်း သတင်းစာက ရေးသားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အင်ဒဲဗားအာကာသလွန်းပြန်ယာဉ် မြေပြင်သို့ ပြန်လည်ဆင်းသက်

ကိတ်ကာနီဗယ် (ဖလော်ရီဒါ) ဩဂုတ် ၂၃

အင်ဒဲဗားအမေရိကန်အာကာသလွန်းပြန်ယာဉ်သည် အာကာသတွင်း၌ ၁၂ရက် ကြာမြင့်ခဲ့ပြီးနောက် ဩဂုတ် ၂၁ရက်က မြေပြင်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်ခဲ့သည်။ ထိုအာကာသယာဉ် မြေပြင်မှပျံတက်စဉ်က အပူခံပြားအချို့ ကွာသွားခဲ့သော်လည်း မြေပြင်သို့ ချောမောစွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

ထို့အပြင် အာကာသယာဉ်ဆင်းသက်မည့် ဖလော်ရီဒါစခန်းအနီးတွင် ဒင်းအမည်ရှိလေမုန်တိုင်း တိုက်ခတ်ရန်အလားအလာရှိသဖြင့် လွန်းပြန်ယာဉ်ကို သတ်မှတ်ချိန်ထက် စော၍ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။ မြေပြင်သို့လွန်းပြန်ယာဉ်ဆင်းသက်ချိန်တွင် တိမ်များမိုးအုံ့ဆိုင်းလျက်ရှိသည်။ ထိုအခြေအနေတွင် အာကာသယာဉ်မှူးစကော့ကယ်လီသည် တန်တစ်ရာအလေးချိန်ရှိသော လွန်းပြန်ယာဉ်ကို တည်ငြိမ်စွာထိန်းချုပ်၍ မောင်းနှင်လာခဲ့သည်။ သုံးမိုင်အရှည်ရှိသော လွန်းပြန်ယာဉ်ဆင်းလမ်းပေါ်သို့ မွန်းလွဲ ၁၂နာရီကျော်တွင် ဆင်းသက်နိုင်ခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ။**

ဂျပန်နိုင်ငံ အိုကီနာဝါလေဆိပ်သို့ ဆင်းသက်အပြီး မီးလောင်နေသော လေယာဉ်တစ်စင်းကို ဩဂုတ် ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင် မိတ္ထီလာတပ်နယ်အတွင်း ဆင်းရွှေလီစပါးစိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၂၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်သည် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၂၂ ရက် မွန်းလွဲပိုင်းတွင် မိတ္ထီလာတပ်နယ် နယ်မြေခံတပ်ရင်း၏ ဆင်းရွှေလီစပါး တစ်ဆက်တစ်စပ်တည်း စံပြဧက ၅၀ စိုက်ခင်းသို့ ရောက်ရှိရာ စိုက်ခင်းကြီးကြပ်ရေးတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးကျော်မျိုးဝင်းက စံပြစိုက်ခင်းအတွင်း ဆင်းရွှေလီစပါး စိုက်ပျိုးဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒိုင်းမွန်းစတားကုမ္ပဏီမှ မန်နေဂျာ ဦးအောင်မြင့်ဆွေက ကုမ္ပဏီ အနေဖြင့် ဆင်းရွှေလီစိုက်ပျိုးမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဦးသောင်းနေဦးက ဆင်းရွှေလီစပါး စိုက်ပျိုးရာတွင် အထောက်အကူအဖြစ် ဇီဝသဘာဝမြေသြဇာ (Bio Composer)များကို ပါဝင်လှူဒါန်းရခြင်းနှင့် ကျောက်ဆည်နယ်မြေအတွင်း နွေစပါး စမ်းသပ်စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စပါးစိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင် ဆောင်ရွက်နေကြသည့် စစ်သည် မိသားစုများနှင့် စိုက်ပျိုးရေးပညာရှင်များအား ဂုဏ်ပြုပစ္စည်းများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်က တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုဘဝ တိုးတက်မြင့်မားလာစေရေးအတွက် အဓိက ဆန်စပါးသီးနှံ တစ်ဧကအထွက်နှုန်း တိုးစေမည့် မျိုးကောင်းမျိုးသန့်နှင့် စိုက်နည်းစနစ် ပြောင်းလဲမှုကို ဒေသခံ တောင်သူလယ်သမားများအား ကျယ်ကျယ်ပြန့်ပြန့် ပညာပေး စည်းရုံးဆောင်ရွက်ကြရေးနှင့် စံနမူနာပြအဖြစ် ယခုစိုက်ခင်းကို တစ်ဧကတင်း ၂၀၀ အထက် ထွက်ရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်နှင့် အဖွဲ့သည် စံပြဧက ၅၀ စပါးစိုက်ခင်းအတွင်း အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများနှင့် စုပေါင်း ကောက်စိုက်နေကြသည့် စစ်သည်၊ မိသားစုဝင်များအား လှည့်လည်ကြည့်ရှု အားပေးကြသည်။

မိတ္ထီလာတပ်နယ်အတွင်း ရှေ့ပြေး စိုက်ပျိုးထားရှိသော ဆင်းရွှေလီစပါး စိုက်ခင်းမှာ ရက်ပေါင်း ၁၁၀ သက်တမ်းအတွင်း ရိတ်သိမ်းနိုင်မည်ဖြစ်ပြီး တစ်ဧကလျှင် ပျမ်းမျှ တင်း ၂၀၀ ခန့် ထွက်ရှိနိုင်မည်ဖြစ်ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်သန်းဌေးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ရုံးနှင့် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးတို့မှ တာဝန်ရှိသူများ၊ အမျိုးသား ညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ အောက်ရှိ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီး ဝင်းနောင်က ဆောင်ရွက်သည်။

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ရုံးနှင့် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ရုံးတို့မှ တာဝန်ရှိသူများ၊ အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အောက်ရှိ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆို နေရာချထားရေး ဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေး ဆပ်ကော်မတီ၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ လုံခြုံရေး ဆပ်ကော်မတီ၊ ပရိဘောဂဖြည့်တင်းရေးဆပ်ကော်မတီနှင့် အဆောက်အအုံ၊ ရေ၊မီး၊ လေညှိစက် ပြင်ဆင်ထိန်းသိမ်းရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျွေးမွေးဧည့်ခံရေး လုပ်ငန်းအဖွဲ့ (မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း) မှ တာဝန်ရှိသူများက မိမိတို့ရုံးအလိုက်၊ ဆပ်ကော်မတီအလိုက် လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြပြီး အမျိုးသား ညီလာခံ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က နိဂုံးချုပ် အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နံနက် ၉ နာရီတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အလိုတော်ပြည့် တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဖောဓိမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ဩဂုတ် ၃၁ရက်မှ စက်တင်ဘာ ၆ ရက်အထိ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ အရိယဝံသ ဆရာတော်ကြီးက ဝိပဿနာ သတိပဋ္ဌာန် အလုပ်ပေးတရား ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသူများ သည် ဩဂုတ် ၃၀ရက် ညနေအရောက် တရားစခန်းသို့ ဝင်ရောက်ကြရမည်ဖြစ်ပြီး ဂေါပကရုံး ဖုန်း–၅၄၈၈၆၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

မူလသစ္စာဒီပက ဝိပဿနာတရားပွဲ

ရန်ကုန် ဩဂုတ် ၂၄

တောင်ဥက္ကလာပမြို့နယ် (၃)ရပ်ကွက်ဝေဇယန္တာဓမ္မာရုံကြီးတွင် မူလသစ္စာ ဒီပက ဝိပဿနာအဖွဲ့ချုပ်မှ ဝါတွင်းဥပုသ်နေ့မှစ၍ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ အပတ်စဉ် ဝါတွင်းကာလ ဥပုသ်နေ့တိုင်း အဖွဲ့ချုပ်၏ အာဒိကမ္မိက ကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယဆရာကြီး ဦးကြည်၏ ဥပနိဿယ မူအတိုင်း ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားကို ဓမ္မကထိက ဦးမောင်အုန်း၊ဦးခင်မောင်ရီ၊ ဦးသိန်းဆွေ(ရန်ကုန်)တို့က ဟောကြားပြသမည်ဖြစ်သည်။ (က–ပ)

ကျောက်မြောင်း ကျားကွက်သစ် ဝါတွင်းအထူးတရားပွဲ

ရန်ကုန် ဩဂုတ် ၂၄

တာမွေမြို့နယ် ကျောက်မြောင်း ကျားကွက်သစ် ရပ်ကွက်လုံးဆိုင်ရာ သာသနဟိတဓမ္မာရုံကြီး၌ အမြတ်ဆုံး အသိဉာဏ် တရားအလှူပွဲကြီးအဖြစ် ဩဂုတ် ၂၆ ရက်တွင် တိပိဋကရေ ယောဆရာတော်၊ ဩဂုတ် ၂၇ရက်တွင် ဓမ္မဘေရီ အရှင်ဝီရိယ၊ ဩဂုတ် ၂၈ ရက်တွင် အရှင်ဇဝန(မုံလယ်တောရ) ဆရာတော်အရှင်မြတ်တို့က တရားတော်များကို ဟောကြားချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။ (က–ပ)

နတ်မောက်မြို့နယ်အသင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်မြို့ ခြောက်ထပ်ကြီးတိုက် သင်္ဃိဦးကျောင်း ပဓာန ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒောဘာသအား အမှူးထား၍ နတ်မောက်မြို့နယ် အသင်း (ရန်ကုန်)က ကြီးမှူး၍ နတ်မောက်မြို့နယ်ဖွား နာယကဆရာတော်ကြီး များနှင့် အကျိုးတော်ဆောင်ဆရာတော်များအား (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီ တွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ သာဓုပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် သင်္ကန်း၊ လှူဖွယ်ပစ္စည်း၊ ဝတ္ထုငွေလှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တဥဂ္ဂံသ ဖုန်း–၅၁၂၀၆၆၊ ဦးအောင်သန်း ဖုန်း–၅၇၂၃၄၉၊ ဦးတင်ဝင်း ဖုန်း–၆၆၇၅၁၁၊ ဦးထွန်းညွှန့် ဖုန်း–၅၃၇၁၂၂၊ ဦးစိုးမြင့် ဖုန်း–၃၈၀၅၁၁၊ ဦးအောင်သန်းထွန်း ဖုန်း–၅၄၃၉၁၁၊ ဦးမြင့်ဆောင် ဖုန်း–၃၉၃၀၇၂ နှင့် နီးစပ်ရာ အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅–၈–၂၀၀၇ (စနေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	အရှုံးနှင့်အမြတ်တရားတော် (ကျောက်ပန်းတောင်း ဆရာတော် အရှင်ကုမာရ)
၈:၀၀	ကလေးဈေးနေ့
၈:၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၄၀	မြန်မာ့ရိုးရာရက်ကန်း၏ လက်မှုအနုလက်ရာများ
၈:၅၅	တေးဂီတအစီအစဉ်
၉:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅	Celebrity Style (ခင်လေးနွယ်နှင့်တွေ့ဆုံခြင်း)
၉:၄၅	တေးဂီတအစီအစဉ်
၉:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅	ပြည်တွင်းအခွန်များဦးစီးဌာန အကြောင်း သိကောင်းစရာ (ကုန်သွယ်လုပ်ငန်းခွန်)
၁၀:၁၀	မိုးလေဝသခန့်မှန်းချက်
၁၀:၁၅	ဦးနှောက်သွေးကြောပေါက်၍ လေဖြတ်ခြင်းအကြောင်း (ပါမောက္ခဒေါက်တာမြင့်သိန်း၊ ဒေါက်တာကျော်စွာအောင်)
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	မြန်မာ့အနုပညာပန်း ငွေထည်လုပ်ငန်း
၁၀:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅	တစ်ပတ်အတွင်း အားကစားသတင်း
၁၁:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅	ကျော်ကြားထုတ်ကုန် စက်မှုဇုန်
၁၁:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၅	နေချင်စဖွယ် အိမ်အလှဆင်ကြမယ်
၁၂:၀၀	တေးဂီတအစီအစဉ်
၁၂:၀၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ (ကိုးဆယ်ဆသာလိမ့်မယ်)
၁၂:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀	လူတိုင်းအတွက်ရှေးဦးသူနာပြု (အပူလောင်ခြင်းနှင့် အရည်ပူလောင်ခြင်းများ)
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီ အထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၀၇–၂၀၀၈ English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅:၃၀	ပွဲကြို	ESPN(Live)
၆:၁၀	Sunderland-Liverpool	ESPN(Live)
၈:၂၅	Arsenal-Man City	ESPN(Live)
	Chelsea-Portsmouth	Star Sports (Live)
၁၀:၄၀	Everton-Blackburn	Star Sports (Live)
၁၁:၀၀	Astonvilla-Fulham	ESPN(SSD)

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် အခြေစိုက်အလုပ်ရုံ(ဆွာ)နှင့် အမှတ်(၂၀)သစ်စက်(သာဂရ)တို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၄

သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဩဂုတ် ၂၀ရက် နံနက်ပိုင်းတွင် မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံ(ဆွာ)သို့ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ တာဝန်ခံမန်နေဂျာ (အင်ဂျင်နီယာ)ဦးကျော်မြင့်နှင့် မြန်မာ့သစ်လုပ်ငန်းအင်ဂျင်နီယာဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးညွန့်ဦးတို့က အလုပ်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက်ဝန်ကြီးက မြို့ခြံစွေတာရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ လာဘ်ပေးလာဘ်ယူမှုမပြုလုပ်ရေး၊ သီးပင်စားပင် နှစ်ရှည်ပင်များ စိုက်ပျိုးရေး၊ ယာဉ်ပြင်များအရည်အသွေးတိုးတက်ရေးအတွက် သင်တန်းများပို့ချပေးရေးတို့ကို မှာကြားပြီး အလုပ်ရုံအတွင်း ပစ္စည်းသိုလှောင်ရုံများ၊ ယာဉ်ပြုပြင်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၂၀) သစ်စက်(သာဂရ)သို့ ရောက်ရှိကြရာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူး လက်ထောက်မန်နေဂျာ ဦးမောင်မောင်သစ်က စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်၊ အင်ဂျင်ခန်း၊ ခွဲစိတ်ပြီးသစ်ခွဲသားများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံ(ဆွာ) တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာသာလှရွှေ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဘေးဒုက္ခဆိုင်ရာ စီမံခန့်ခွဲရေးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ဘေးဒုက္ခဆိုင်ရာ အရေးပေါ်အခြေအနေ တုံ့ပြန်ကယ်ဆယ်ရေးအစီအစဉ်ရေးဆွဲရေးဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဘေးဒုက္ခဆိုင်ရာ အရေးပေါ်အခြေအနေ တုံ့ပြန်ကယ်ဆယ်ရေး အစီအစဉ်ရေးဆွဲရေး ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဘေးဒုက္ခဆိုင်ရာ စီမံခန့်ခွဲရေးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့ပူးပေါင်းဖွင့်လှစ်သည့် ဘေးဒုက္ခဆိုင်ရာ အရေးပေါ်အခြေအနေ တုံ့ပြန်ကယ်ဆယ်ရေး အစီအစဉ်ရေးဆွဲရေး ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား (Contingecy Planning Meeting For Disaster Management) ကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲဖွင့်ပွဲသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦး၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် Ms. Bridget Gradner နှင့် ဒေသဆိုင်ရာ ဘေးဒုက္ခစီမံခန့်ခွဲရေးယူနစ်မှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေက အဖွင့်အမှာစကား ပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် Ms. Bridget Gradner ကလည်း အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသာလှရွှေ၊ အပြည်ပြည် ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် Ms. Bridget Gradner နှင့် တာဝန်ရှိသူများသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဘေးဒုက္ခဆိုင်ရာ အရေးပေါ်အခြေအနေ တုံ့ပြန်ကယ်ဆယ်ရေး အစီအစဉ်ရေးဆွဲရေး ဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲကို ဩဂုတ် ၂၆ရက်အထိ ကုန်သည်ကြီးများ ဟိုတယ်၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဆရာဝန်အသင်း ဆေးပညာဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကု ဆရာဝန်များ အဖွဲ့က ကြီးမှူး၍ အထွေထွေရောဂါ/မိသားစု ကျန်းမာရေး စောင့်ရှောက်မှု ဆေးပညာ စဉ်ဆက်မပြတ် တိုးတက်ရေး ရည်သန်လျက် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (Continuing Professional Development -CPD Forum for General Practice Family Medicine) ကို မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ဩဂုတ် ၂၆ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ ကျင်းပမည်ဖြစ်ပြီး ယင်းဆွေးနွေးပွဲတွင် မိသားစု ကျန်းမာရေး စောင့်ရှောက်မှု စာတမ်း၊ အထွေထွေရောဂါကု ဆရာဝန်များ အတွေ့များသော စိတ်ရောဂါများနှင့် ပတ်သက်၍ အထူးကု ဆရာဝန်ကြီးများက အမေးအဖြေများဖြင့်ဆွေးနွေးသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဲအင်းဂူ ဝိပဿနာတရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် အမှတ်(၄)ဝိုင်းခမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် မူလသဲအင်းဂူ ဆရာတော်ကြီး၏တပည့် အရှင်ပဏ္ဍာဝံသ (မိဂလုံ) ဆရာတော်က ခန္ဓာကိုယ်တွေ့ သမထ ဝိပဿနာတရားတော်များကို စက်တင်ဘာ ၄ရက်မှ ၁၀ရက်အထိ အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများအား အကျိုးတော်ဆောင်အဖွဲ့မှ အခမဲ့ အာဟာရဒါန ကျွေးမွေးလှူဒါန်းမည်ဖြစ်ပြီး တရားစခန်းဝင်လိုသူများသည် စက်တင်ဘာ ၃ ရက် ညနေအရောက် လာရောက်ကြရမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၈-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ အတီးပြိုင်ပွဲ
၈း၀၅ ၆။ ပေါက်တံတား(ရေပြာ)နှင့် ပေါက်တံတား(အုန်းတော)
၈း၁၅ ၇။ တေးဂီတအစီအစဉ်
၈း၃၀ ၈။ International News.
၈း၄၅ ၉။ Grammar Made Easy.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၅ ၂။ တေးဂီတအစီအစဉ်
၁၁း၃၀ ၃။ ပြည်တွင်းသတင်း
၁၁း၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၁၅ ၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၂း၂၀ ၇။ **လောကနီတိ(၄) "လုပခြင်း၏အဓိပ္ပာယ်" (အကယ်ဒမီဇင်ဝိုင်း၊ နိုင်းနိုင်း၊ ခိုင်နှင်းဝေ၊စုချစ်ဇော်) (ဒါရိုက်တာ-ဦးခင်ဇော်)**
၁း၀၀ ၈။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဆွေးနွေးခန်း(ကွက်စိပ်)
၁း၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁း၄၅ ၁၀။ မူဟန်သွယ်သွယ်ဆိုကြမယ်
၂း၀၀ ၁၁။ သတိပြုစရာ သွေးလွန်တုပ်ကွေးရောဂါ (အပိုင်း-၁)
၂း၁၅ ၁၂။ အတီးပြိုင်ပွဲ
၂း၃၀ ၁၃။ **"ငါးရစ်မျိုးငါး တို့မစား" (ရော၊ခိုင်သင်းကြည်၊ မေပိုးအိ၊ညိုညိုစိမ့်၊ မြသက်ထား) (ဒါရိုက်တာ-ရဲဝင်းနီ)**
၂း၄၀ ၁၄။ လဂွမ်းပြင်ရေလှောင်တမံ
၂း၄၅ ၁၅။ International News.
၃း၀၀ ၁၆။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄း၄၅ ၄။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ)(အခြေခံပညာ ၁၀-၁၅)နှစ်(အမျိုးသား၊အမျိုးသမီး)
၄း၅၅ ၅။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ပြဇာတ်ပြိုင်ပွဲဆွေးနွေးခန်း (အပိုင်း-၁)
၅း၁၅ ၆။ ချစ်စရာ့အရွယ်ကစားကြမယ်
၅း၃၅ ၇။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၃၀ ၉။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၀။ အလှရှာမယ်လှကမ္ဘာဝယ်
၇း၀၀ ၁၁။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၇း၁၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်"(အပိုင်း-၅၄)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာနှောင်ကြိုး" (အပိုင်း-၁၇)**
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

မဏ္ဍိုမဂုဏ်ရည်ဆရာတော် ပြည်ပသာသနာပြု ဓမ္မခရီးစဉ်မှ ပြန်လည်ကြွရောက်တော်မူ

ရန်ကုန် ဩဂုတ် ၂၄

သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဏ္ဍိုမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာန နာယက၊ သာသနတက္ကသီလဓမ္မာစရိယ၊ ဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တကောဝိဒသည် အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် မနာလပန်မြို့ မဟာစည်သာသနာ့ရိပ်သာအတွင်း တည်ထားကိုးကွယ်သော ရွှေတိဂုံပုံတူ လောကချမ်းသာစေတီတော် ရွှေထီးတော်တင်ပွဲ အခမ်းအနားသို့ အမေရိကန်-မြန်မာ ဗုဒ္ဓဘာသာအသင်းကြီး၏ ပင့်လျှောက်ချက်အရ မေ ၂၂ရက်တွင် အမေရိကန်နိုင်ငံသို့ ကြွရောက်တော်မူခဲ့ရာ ဩဂုတ် ၂၂ရက် ည ၇နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ကြွရောက်တော်မူလာကြောင်း သိရသည်။

တရားဓမ္မများဟောကြားတော်မူ

ဆရာတော်သည် အမေရိကန်နိုင်ငံ ဓမ္မခရီးစဉ်၌ နယူးဂျာစီပြည်နယ် မနာလပန်မြို့ ရွှေထီးတော်တင်ပွဲ၊ ဗုဒ္ဓါဘိသေက မင်္ဂလာအခမ်းအနား၊ ဘက်ဖဲလိုးမြို့ မေတ္တာနန္ဒ ဝိဟာရကျောင်း သိမ်သမုတ်ပွဲနှင့် စုပေါင်းရဟန်းခံရှင်ပြုပွဲ၊ နယူးဂျာစီပြည်နယ် မနာလပန်မြို့ မဟာစည်သာသနာ့ရိပ်သာစခန်းပွဲများနှင့် နယူးယောက်မြို့၊ ဆေးလ်ဗားစပရင်းမြို့၊ ဘော်လ်တီမိုးမြို့၊ ပေါ့တလန်မြို့၊ ဆီယက်တယ်လ်မြို့၊ ဆန်ဖရန်စစ္စကိုမြို့၊ ဖရီမောင့်တ်မြို့၊ ဒေလီစီးတီးမြို့၊ လော့အိန်ဂျလိစ်မြို့၊ အက်တလန်တာမြို့၊ ဩဂတ်စတာမြို့၊ ဝါရှင်တန်ဒီစီမြို့များတွင် တရားဓမ္မများ ဟောကြားတော်မူခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကလေးခရိုင်နှင့် တမူးခရိုင်ရှိ အကျဉ်းထောင်များနှင့် အကျဉ်းစခန်းများသို့ ရုပ်မြင်သံကြားပြစက်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းပွဲ တက်ရောက်

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဩဂုတ် ၂၁ရက်တွင် ကလေးမြို့ အကျဉ်းထောင်သို့ သွားရောက်၍ ဧည့်ရိပ်သာခန်းမ၌ ကျင်းပသော စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းပွဲတွင် အမှာစကားပြောကြားပြီး အကျဉ်းသားများအတွက် ငွေကျပ် သုံးသိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများ၊ အားကစားပစ္စည်းများ၊ တိုင်းရင်းဆေးဝါးများနှင့် ဂျာနယ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၊ ကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့က စားသောက်ဖွယ်ရာများနှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်၊ ဝန်ကြီးသည် ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်(၁) အကျဉ်းစခန်းသို့ သွားရောက်၍ အကျဉ်းသားများအတွက် စားသောက်ဖွယ်ရာများ လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ရာဇဂြိုဟ်(၁)နှင့် ရာဇဂြိုဟ်(၂)အကျဉ်းစခန်းများအတွက် စားသောက်ဖွယ်ရာများ၊ အားကစားပစ္စည်းများနှင့် ဂျာနယ်များပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်နှင့်အတူ တမူးခရိုင် ခမ်းပတ်မြို့သို့ သွားရောက်၍ ခမ်းပတ်မြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ခမ်းပတ်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံပြီး အသင်းကိစ္စရပ်များနှင့် အသင်းရုံးဆောက်လုပ်နိုင်ရေးအတွက် မှာကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ခမ်းပတ်မြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ခမ်းပတ်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ သောင်းစုမှူး၊ ထောင်စုမှူး၊ ရာစုမှူးများအား တာဝန်ပေးအပ်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး တာဝန်ပေးအပ်လွှာများကို ပေးအပ်ကာ အသင်းလုံချည်များနှင့်အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် တမူးမြို့နယ် ဘုတ်ကန်ကျေးရွာသို့ သွားရောက်၍ စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများနှင့်မဂ္ဂဇင်း၊ဂျာနယ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းကာ စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် တမူးမြို့နယ် ဆရာစံအကျဉ်းစခန်းသို့ သွားရောက်၍ ဆရာစံအကျဉ်းစခန်းနှင့် အုတ်ဖိုကန်ဒေါင့်အကျဉ်းစခန်းတို့ရှိ အကျဉ်းသားများအတွက် ရောင်စုံရုပ်မြင်သံကြားစက်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆရာစံအကျဉ်းစခန်းရှိ အကျဉ်းသားများအတွက် ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ၂၁လက်မ ရောင်စုံ ရုပ်မြင်သံကြားပြစက်တစ်လုံးနှင့် စားသောက်ဖွယ်ရာများ၊ တိုင်းရင်းဆေးဝါးများ၊ အားကစားပစ္စည်းများ၊မဂ္ဂဇင်း၊ဂျာနယ်များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် တမူးမြို့နယ် အုတ်ဖိုကန်ဒေါင့် အကျဉ်းစခန်းရှိ အကျဉ်းသားများအတွက် ငွေကျပ် ၂၅၀၀၀၀တန်ဖိုးရှိ ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံးနှင့် တိုင်းရင်းဆေးဝါးများ၊ အားကစားပစ္စည်းများ၊ မဂ္ဂဇင်း၊ ဂျာနယ်များကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တမူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့က ဆရာစံအကျဉ်းစခန်းရှိ အကျဉ်းသားများသို့ စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းကြပြီး အကျဉ်းစခန်းတာဝန်ခံအရာရှိတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် တမူးခရိုင်အားကစားကွင်း၌ ကျင်းပသော တမူးခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဖလား ကျေးရွာ၊ ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး တမူးမြို့နယ် အားကစားနှင့်ကာယပညာကော်မတီသို့ အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် တမူးခရိုင်ဧည့်ရိပ်သာ၌ တမူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ငွေကျပ်တစ်သိန်းကို ထောက်ပံ့ပေးအပ်သည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်း (၂၃)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၇) ကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)



နေပြည်တော် သပြေကုန်းဈေးရှိ Asia Light Super Market အရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

နေပြည်တော် သပြေကုန်းဈေးရှိ Asia Light Super Market အရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် အဆိုပါ နေပြည်တော် သပြေကုန်းဈေးရှိ Asia Light Super Market အရောင်းဆိုင်ရှေ့၌ ကျင်းပသည်။

အဆိုပါ အရောင်းဆိုင်ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဌာနကြီးမှူး ဦးစောလွင်နှင့် Asia Light Co,Ltd အထွေထွေမန်နေဂျာ ဦးစိန်သောင်းတို့က Asia Light Super Market အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်း ကြည်နှင့်အဖွဲ့ဝင်များက အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ Asia Light Super Market အရောင်းဆိုင်သည် Asia Light Co,Ltd ၏ ကိုးခုမြောက် အရောင်းဆိုင်ဖြစ်ပြီး အလှကုန်ပစ္စည်းအမျိုးမျိုး၊လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စာရေးကိရိယာ၊ အိမ်အသုံးအဆောင်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ ဆေးမျိုးစုံ၊စားသောက်ကုန်ပစ္စည်းမျိုးစုံနှင့် အဝတ်အထည်မျိုးစုံတို့ကို ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဗဟိုဝန်ထမ်းတက္ကသိုလ် အရာထမ်းငယ် အခြေခံသင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၂၄

ဗဟိုဝန်ထမ်းတက္ကသိုလ် အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ်(၃၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ဗဟိုဝန်ထမ်း တက္ကသိုလ် (ဖောင်ကြီး) အုန်းတောခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်ဦးဝင်းမောင်တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်သည်။

အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားသို့ ပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ သင်တန်းမှူးများနှင့် တာဝန်ရှိသူများ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်၏ (၂၃)ကြိမ်မြောက် ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၃)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၇) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ကျောက်မျက်ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရတနာကုန်သည်များက ဩဂုတ် ၂၁ရက်မှ ဩဂုတ် ၂၃ရက်အထိ ကြည့်ရှုခဲ့ကြပြီး Bargain စနစ်ဖြင့် ဝယ်ယူရန် သက်ဆိုင်ရာတင်ဒါပုံးများတွင် ထည့်သွင်းထားသော ကျောက်မျက်နှင့် ကျောက်စိမ်း Bargain Formများကို စစ်ဆေးရေးအဖွဲ့များက နံနက် ၇နာရီခွဲတွင် ဖွင့်ဖောက်စစ်ဆေးကြသည်။ နံနက် ၉နာရီတွင် အခမ်းအနား စတင်ကျင်းပရာ အခမ်းအနားမှူးက အစီအစဉ်များကို ဖတ်ကြားတင်ပြ၍ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်းက အမှာစကားပြောကြားပြီး အခမ်းအနားမှူးက ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ လေလံစည်းကမ်းချက်များကို မြန်မာ၊ တရုတ်၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်းက ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲအား မောင်းသုံးချက်ထု၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ကျောက်မျက်များအား Bargainစနစ်၊ Auctionစနစ်တို့ဖြင့် ရောင်းချရာ ကျောက်မျက် အတွဲပေါင်း ၂၁၂တွဲ ရောင်းချရသည်။

ယင်းနောက် ကျောက်စိမ်းများအား Bargain စနစ်ဖြင့် ရောင်းချလျက်ရှိသည်။

ရောင်းချပွဲတွင် အမြင့်ဆုံးဈေးပေး၍ ဝယ်ယူကြသော ရတနာကုန်သည်များအား မြန်မာ့စီးပွားရေး ဦးပိုင် လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဝင်းသန်းနှင့်ဒါရိုက်တာ အဖွဲ့ဝင်များက ဂုဏ်ပြု လက်ဆောင်များ ချီးမြှင့်သည်။

ဩဂုတ် ၂၅ရက်တွင် ကျောက်စိမ်းအတွဲများကို Bargain စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

နေပြည်တော်သပြေကုန်းဈေးရှိ Asia Light Super Market အရောင်းဆိုင်ကို နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ ဌာနကြီးမှူး ဦးစောလွင်နှင့် Asia Light Co., Ltd. အထွေထွေ မန်နေဂျာဦးစိန်သောင်းတို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရှာရန်ရာနှုန်း ၈၀

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

✻ အတွင်းရေးမှူး(၁)မှ
ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းတို့၏ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းပြိုင်ပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲသွားသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က တတိယဆုရ အားကစားဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုများကို လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ဒုတိယဆုရ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အသင်းအား တစ်ဦးချင်း ဆုများကို လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီး ဌာန ဝန်ကြီး ဦးသောင်းက ပထမဆုရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အသင်းအား တစ်ဦးချင်း ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အကောင်းဆုံး ဂိုးသမားဆုရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၁) မင်းနိုင်၊ အကောင်းဆုံး နောက်တန်းဆုရ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၂၄) စိုးသူရအောင်၊ အကောင်းဆုံး အလယ်တန်းဆုရ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အသင်းမှ ကျောနံပါတ်(၆) ဇော်ဝင်းမောင်၊ အကောင်းဆုံး ရှေ့တန်းဆုရ အားကစားဝန်ကြီးဌာန အသင်းမှ ကျောနံပါတ် (၁၆) မြင့်သိန်းနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆုရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အသင်းမှ ကျောနံပါတ်(၁၁) သုထက်ပိုင်တို့အား ဆုတံဆိပ်များနှင့် ငွေသား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အသန့်ရှင်းဆုံးဆုရ အားကစား ဝန်ကြီးဌာနအသင်းအား ဆုဖလားနှင့် ငွေသားဆုတို့ကို လည်းကောင်း၊ စတုတ္ထဆုရ ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာနအသင်းအား ငွေသားဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က (၂၀၀၇)ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၌ တတိယဆုရရှိသော အားကစားဝန်ကြီးဌာနအသင်းနှင့် ဒုတိယဆုရရှိသော ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းတို့အား ငွေသားဆုများကို လည်းကောင်း၊ ပထမဆုရရှိသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းအား ငွေသားဆု၊ တံခွန်စိုက် ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်လိုက်သည်။ (သတင်းစဉ်)

၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဒိုင်းဆု ရရှိအပြီးတွေ့ရစဉ်။ (သတင်းစဉ်)

မီးသတ်ဦးစီးဌာန အသက်ကယ်နည်းစနစ် သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ အသက်ကယ်နည်းစနစ်သင်တန်း အမှတ်စဉ် (၁၀/၂၀၀၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) ကျန်စစ်သားခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

အဆိုပါ အသက်ကယ်နည်းစနစ်သင်တန်း အမှတ်စဉ် (၁၀/၂၀၀၇)ကို ရက်သတ္တလေးပတ်ကြာ သင်တန်းသား၊ သင်တန်းသူ ၄၇ ဦးဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်း

ရန်ကုန် ဩဂုတ် ၂၄

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က) ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၁၁၁)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၅ ရက် (ဝါခေါင်လဆန်း ၁၅ ရက်မှ ဝါခေါင် လပြည့်ကျော် ၈ရက်)အထိ ကျင်းပမည် ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၅၃၄၃၂၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်း အာဆီယံသစ်တောထွက်ပစ္စည်း ထုတ်လုပ်သူများ အသင်း (AFPIC)၏ (၅)ကြိမ်မြောက် ကောင်စီ အစည်းအဝေးနှင့် ဒုတိယအကြိမ်မြောက် ညီလာခံတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အာဆီယံသစ်တောထွက်ပစ္စည်း ထုတ်လုပ်သူများအသင်း (၅)ကြိမ်မြောက် ကောင်စီအစည်းအဝေးနှင့် ဒုတိယအကြိမ်မြောက် ညီလာခံကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

အာဆီယံ သစ်တောထွက်ပစ္စည်း ထုတ်လုပ်သူများအသင်း (AFPIC)၏ (၅)ကြိမ်မြောက် ကောင်စီအစည်းအဝေးနှင့် ဒုတိယအကြိမ်မြောက် ညီလာခံ (Opening Ceremony of 5th ASEAN Forest Products Industry Club (AFPIC) Council & 2nd Conference Meeting)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင်နှင့် အလုပ်အမှုဆောင်များ၊ အာဆီယံသစ်တောထွက်ပစ္စည်း ထုတ်လုပ်သူများအသင်းဝင် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အာဆီယံ သစ်တောထွက်ပစ္စည်း ထုတ်လုပ်သူများအသင်း အထွေထွေအတွင်းရေးမှူး Mr. Dato Nazuri က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အာဆီယံ သစ်တောထွက်ပစ္စည်း ထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူများသည် အမှတ်တရ လက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အာဆီယံ သစ်တောထွက်ပစ္စည်း ထုတ်လုပ်သူများ အသင်း၏ (၅)ကြိမ်မြောက် ကောင်စီ အစည်းအဝေးနှင့် ဒုတိယအကြိမ်မြောက် ညီလာခံကို ဆက်လက်ကျင်းပရာ မြန်မာ၊ ထိုင်း၊ မလေးရှား၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

၈၈ မျိုးဆက်ကျောင်းသားအမည်ခံအဖွဲ့၏ ပြုမူပြောဆို ဆောင်ရွက်ချက်များသည် နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေ(၅/၉၆) နှင့် ငြိစွန်းနေကြောင်းတွေ့ရ

အကြမ်းဖက် သောင်းကျန်းသူအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းသည် တည်ဆဲဥပဒေများနှင့်ငြိစွန်းလျက်ရှိ

❋ **၈၈ မျိုးဆက်မှ**

အဆိုပါ လက်ငင်းတာဝန်ကြီးများကို ကြိုးပမ်းဆောင်ရွက်ရင်း ပြည်သူအများ လိုလားတောင့်တလျက်ရှိသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲဖော်ဆောင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးအတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရန် အမျိုးသားညီလာခံကို ကျင်းပခဲ့ရာ မကြာမီ အောင်မြင်စွာ ပြီးမြောက်တော့မည်ဖြစ်သည်။ အမျိုးသားညီလာခံ အောင်မြင်ပြီးမြောက်ချိန်တွင် အမျိုးသားညီလာခံမှ ချမှတ်ပေးခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အခြေခံ၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ရေးဆွဲကာ ပြည်သူ့ဆန္ဒ ခံယူအတည်ပြုပြီး မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်အောင်၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ဖြစ်ထွန်းအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

၎င်းအပြင် ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာနှင့် အနှစ်သာရရှိရှိ၊ မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ရေးနှင့် ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်နိုင်ရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းများ အပါအဝင် နိုင်ငံတော်၏ တည်ငြိမ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍအားလုံးတွင်လည်း စွမ်းစွမ်းတမံ ကြိုးပမ်းမြှင့်တင် ဖော်ဆောင်ပေးလျက်ရှိသည်။ အဆိုပါ ကြိုးပမ်းဆောင်ရွက် အောင်မြင်မှုများကြောင့် နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးပြီး ပြည်သူအများလိုလားသည့် ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်သည်။

ထိုသို့သောအခြေအနေတွင် **ပြည်တွင်းပြည်ပရှိ ဆန့်ကျင်ဘက်အဖွဲ့အစည်းများက ဖြတ်လမ်းမှနေ၍ အာဏာရယူနိုင်ရေး၊ အနာဂတ်နိုင်ငံရေးတွင် ပါဝင်ခြယ်လှယ်နိုင်ရေးတို့အတွက် အမျိုးသားညီလာခံ၏ လုပ်ငန်းစဉ်များ အောင်မြင်မှုမရှိစေရန်၊ အမျိုးသားညီလာခံ ပျက်ပြားစေရန်၊ တိုင်းပြည် မတည်မငြိမ်ဖြစ်ပြီး ၈၈ အရေးအခင်းကဲ့သို့ ဆူပူအကြမ်းဖက်မှုမျိုး ထပ်မံပေါ်ပေါက်လာစေရန် ဦးတည်ကြိုးပမ်းဆောင်ရွက်လာခဲ့ကြသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အဖွဲ့အစည်းများအနေဖြင့်-**

(၁) အမျိုးသားညီလာခံ အောင်မြင်မှုမရှိစေရန်နှင့် ပျက်ပြားစေရန် ဆန့်ကျင်တိုက်ဖျက်ရေး။

(၂) ၈၈ အရေးအခင်းကဲ့သို့ ဆူပူအကြမ်းဖက်မှုများ ထပ်မံပေါ်ပေါက်လာအောင် နည်းလမ်းမျိုးစုံသုံး၍ ဆောင်ရွက်ရေး။

(၃) ဖောက်ခွဲဖျက်ဆီးမှုများ အပါအဝင် ပြည်တွင်းပြည်ပ ဆန့်ကျင်လှုပ်ရှားမှုအမျိုးမျိုး လုပ်ဆောင်ရေး။

ဟူသည့် မဟာဗျူဟာသုံးရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းများ ကြိုတင်ရရှိခဲ့သည်။ အဆိုပါ မဟာဗျူဟာသုံးရပ်ကို အကောင်အထည်ဖော်ရာတွင် ဆန့်ကျင်ဘက်အဖွဲ့အသီးသီးအနေဖြင့် မိမိတို့နှင့်သင့်လျော်သည့် နည်းဗျူဟာများကို ရွေးချယ်ကျင့်သုံးပြီး လှုပ်ရှားဆန့်ကျင် ဆောင်ရွက်ကြမည်ဖြစ်ကြောင်းနှင့် အခြေအနေပေးသော လုပ်ငန်းများတွင်မူ ပူးပေါင်းလှုပ်ရှားဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမဟာဗျူဟာများနှင့်အညီ ပြည်ပြေး အကြမ်းဖက်သမားများနှင့် လက်ကျန် သောင်းကျန်းသူများ ပူးပေါင်းဖွဲ့စည်းထားသည့် မြန်မာနိုင်ငံအမျိုးသားကောင်စီ NCUB ကလည်း ဗကပယူဂျီလက်ကျန်များနှင့် ပူးပေါင်းပြီး ဗကပများရေးဆွဲထားသည့် လူထုတိုက်ပွဲ စီမံချက်ကို အကောင်အထည်ဖော်ရန်အတွက် ဗဟိုလူထုတိုက်ပွဲကော်မတီကို ဖွဲ့စည်းလှုပ်ရှားလျက်ရှိကြောင်း၊ ယင်းကော်မတီ၏လက်အောက်တွင် ပြည်တွင်းယူဂျီများဖြင့် ဥပဒေတွင်း လူထုတိုက်ပွဲကော်မတီဆိုသည်ကိုလည်း ဖွဲ့ထားကြောင်း၊ ယင်းကော်မတီတွင် ၈၈ မျိုးဆက်ကျောင်းသားဆိုသူများ၊ ဝါရင့်နိုင်ငံရေးသမားဆိုသူများ၊ CRPP အဖွဲ့ဝင်အချို့နှင့် NLD ပါတီဝင်အချို့လည်း ပါဝင်လှုပ်ရှားနေကြောင်း၊ ၎င်းတို့သည် သံဃာတော်များ၊ တက္ကသိုလ်ကောလိပ်ကျောင်းသားများ၊ အလုပ်သမားများအတွင်း၌ အမာခံများ သွတ်သွင်းမွေးမြူပြီး ဆူပူအုံကြွမှုနှင့် အကြမ်းဖက်ဖောက်ခွဲမှု လုပ်ရပ်များ ဆက်စပ်ဖြစ်ပွားအောင် လုပ်ဆောင်နေကြကြောင်း သတင်းများရရှိခဲ့သည်။

၈၈ မျိုးဆက်ကျောင်းသားဆိုသူအဖွဲ့ကလည်း ထိုဆူပူအုံကြွမှုနှင့် အကြမ်းဖက် ဖောက်ခွဲမှုများဆောင်ရွက်ရာ၌ ပြည်ပရှိ အဖွဲ့အစည်းအသီးသီးနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၀၅ခုနှစ် နှောင်းပိုင်းတွင် ဇော်ဇော်အောင်(မြောက်/ဒဂုံ)နှင့် ဆွေကို(တာမွေ)တို့အား ထိုင်း-မြန်မာနယ်စပ်သို့ စေလွှတ်ခဲ့ကြောင်း၊ သို့ရာတွင် လုပ်ငန်းများ အောင်မြင်မှုမရှိသဖြင့် ၂၆-၅-၂၀၀၇ရက်တွင် မင်းကိုနိုင်၊ ကိုကိုကြီးတို့က ၎င်းတို့အဖွဲ့မှ နေတင်မြင့်(ခေါ်)နေဝင်းအား ထပ်မံစေလွှတ်ခဲ့ရာ ၂၉-၅-၂၀၀၇ ရက်တွင် မဲဆောက်သို့ရောက်ရှိခဲ့ကြောင်း၊ ပြည်ပနိုင်ငံများရှိ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့်ချိတ်ဆက်ကာ အကြမ်းဖက်မှု၊ ဆန့်ကျင်လှုပ်ရှားမှုများကို အောင်မြင်အောင် ပြုလုပ်သွားရန်ဖြစ်ကြောင်း သတင်းများရရှိခဲ့သည်။ ထိုသတင်းများကို ဇူလိုင် ၅ ရက်နေ့ထုတ် သတင်းစာများတွင် ထည့်သွင်းအသိပေး ဖော်ပြခဲ့ပြီးလည်းဖြစ်သည်။

ထိုသတင်းများနှင့်တစ်ဆက်တည်းပင် ABSDF သောင်းကျန်းသူအဖွဲ့ကလည်း ညောင်နှစ်ပင် အမျိုးသားညီလာခံနှင့် ရန်ကုန်မြို့တွင်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၎င်းတို့၏ အဖွဲ့ဝင် မကြည်ပြာလင်းနှင့် မစိုးလင်းခိုင်တို့ နှစ်ဦးအား ၃-၇-၂၀၀၇ ရက်တွင် မဲဆောက်မှတစ်ဆင့် ပြည်တွင်းသို့ စေလွှတ်ခဲ့ကြောင်း၊ ၄-၇-၂၀၀၇ ရက်တွင် ဘားအံသို့ရောက်ရှိပြီး ၎င်းမှတစ်ဆင့် ရန်ကုန်မြို့သို့ ထွက်ခွာကာ ဆဲဗင်းဇူလိုင်၊ အာဇာနည်နေ့နှင့် အမျိုးသားညီလာခံကျင်းပရက်များတွင် ဖောက်ခွဲမှုများပြုလုပ်ရန် စီစဉ်ခဲ့ကြောင်း သတင်းများရရှိခဲ့သည်။

ထို့အတူ ပြည်ပရှိ ၈၈ မျိုးဆက်သစ်ကျောင်းသား အမည်ခံအဖွဲ့ကလည်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ရန် ၎င်းတို့အဖွဲ့ဝင် အောင်ကိုနိုင်အား ၁၄-၇-၂၀၀၇ရက်တွင် စေလွှတ်ခဲ့ရာ ၁၅-၇-၂၀၀၇ ရက်တွင် ထိုင်း-မြန်မာနယ်စပ် မယ်စရီယန်းသို့ရောက်ရှိပြီး ပြည်တွင်းသို့ လှိုင်ကော်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်ခဲ့ကြောင်း၊ အောင်ကိုနိုင်သည် ကြိုတင်ရောက်ရှိနေသော မကြည်ပြာလင်း၊ မစိုးလင်းခိုင်တို့နှင့် ဆက်သွယ်ကာ အမျိုးသားညီလာခံကျင်းပနေချိန်တွင် ညီလာခံအစည်းအဝေး ကျင်းပသည့်နေရာနှင့် ကိုယ်စားလှယ်များနေထိုင်သည့် အိပ်ဆောင်များကို ဖောက်ခွဲဖျက်ဆီးသွားရန် စီစဉ်ခဲ့ကြောင်း၊ ထိုဖောက်ခွဲဖျက်ဆီးမှုများကို အမေရိကန်နိုင်ငံလုပ် ခေတ်မီချိန်ကိုက်မိုင်းများ အသုံးပြုမည်ဖြစ်ကြောင်း သတင်းများရရှိခဲ့သည်။

သို့သော် တာဝန်ရှိသူများက ၎င်းသတင်းများကို ကြိုတင်ရရှိပြီး လုံခြုံရေးကို ကြပ်ကြပ်မတ်မတ် ကာကွယ်စီမံဆောင်ရွက်နိုင်ခဲ့သည့်အတွက် အကြမ်းဖက်အဖွဲ့များအနေဖြင့် ဖောက်ခွဲရေးလုပ်ငန်းများအား အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ သို့သော် ၎င်းတို့၏ဖောက်ခွဲရေးပစ္စည်းများမှာ ပြည်တွင်း၌ ရောက်ရှိနေပြီးဖြစ်၍ အခွင့်ကောင်းစောင့်ဆိုင်းကာ ဖောက်ခွဲဖျက်ဆီးရန် ကြံစည်ကြိုးပမ်းလျက်ရှိကြောင်း သိရှိရသည်။

ထိုလှုပ်ရှားမှုများနှင့်တစ်ပြိုင်တည်းလိုပင် ပြည်တွင်းရှိ ၈၈ မျိုးဆက် ကျောင်းသားအမည်ခံ အဖွဲ့ကလည်း အမျိုးသားညီလာခံပျက်ပြားစေရန်၊ နိုင်ငံတော်တည်ငြိမ်မှုပျက်ပြားပြီး လူထုအုံကြွမှုများ ပေါ်ပေါက်လာစေရန်အတွက် လက်မှတ်ရေးထိုးသည့်လှုပ်ရှားမှု (Signature Campaign)၊ အဖြူရောင်လှုပ်ရှားမှု (White Expression Campaign)၊ ဝတ်ပြုဆုတောင်းပွဲ လှုပ်ရှားမှု (Prayer Campaign)နှင့် အဖြူရောင် တနင်္ဂနွေလှုပ်ရှားမှု(White Sunday Campaign) စသည့် လှုပ်ရှားမှုအမျိုးမျိုးဖြင့် လှုံ့ဆော်သွေးထိုးဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

ထို့ပြင် ၈၈ မျိုးဆက်ကျောင်းသားအမည်ခံအဖွဲ့သည် ၂၈-၆-၂၀၀၇ ရက်တွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့်ပတ်သက်၍ သဘောထားကြေညာချက်ဆိုသည်ကို လည်းကောင်း၊ ၈-၈-၂၀၀၇ ရက်တွင် ရှစ်လေးလုံး (၁၉)နှစ်မြောက် အထိမ်းအမှတ်ကြေညာချက်ဆိုသည်ကို လည်းကောင်း ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်များတွင် အမျိုးသားညီလာခံ ပျက်ပြားစေရန်၊ အမျိုးသားညီလာခံက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ထိခိုက်စေရန်၊ သေးသိမ်စေရန်နှင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရေးသားမှုများ ပါဝင်လျက်ရှိကြောင်း တွေ့ရှိခဲ့ရသည်။ ထိုကြေညာချက်များကို ပြည်တွင်းသာမက ပြည်ပအဖွဲ့အစည်းများ၊ ပြည်ပသတင်းဌာနများသို့ပါ ပေးပို့ပြီး နိုင်ငံတော်အား ပြည်ပကပါဝိုင်းဝန်းဖိအားပေးအောင် ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

၈၈ မျိုးဆက်ကျောင်းသားအမည်ခံအဖွဲ့၏ ထိုသို့သော ပြုမူပြောဆို ဆောင်ရွက်ချက်များသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိခိုက်ပျက်ပြားစေသည့်အပြင် နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေ (၅/၉၆) နှင့် ငြိစွန်းနေကြောင်းတွေ့ရသည်။ အလားတူပင် အကြမ်းဖက် သောင်းကျန်းသူအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းသည်လည်း တည်ဆဲဥပဒေများနှင့် ငြိစွန်းလျက်ရှိသည်။ ထို့ကြောင့် အဆိုပါလုပ်ရပ်များကို ဦးဆောင်စီစဉ်ဆောင်ရွက်ခဲ့ကြသည့် ၈၈ မျိုးဆက်ကျောင်းသားဆိုသူ မင်းကိုနိုင်၊ ကိုကိုကြီး၊ ပြုံးချို(ခ)ဌေးဝင်းအောင်၊ မင်းဇေယျ၊ မြအေး(ခ)သူရ၊ ကျော်မင်းယု(ခ) ဂျင်မီ၊ ဇေယျ(ခ)ကုလားမ၊ ကျော်ကျော်ထွေး(ခ)မာကီး၊ အံ့ဘွယ်ကျော်၊ ပဏ္ဏိတ်ထွန်း၊ ဇော်ဇော်မင်း၊ သက်ဇော်နှင့် ဉာဏ်လင်းတို့အား ၂၁-၈-၂၀၀၇ရက်တွင် သက်ဆိုင်ရာက ခေါ်ယူမေးမြန်းစစ်ဆေးလျက်ရှိသည်။

အဆိုပါ အုပ်စုနှင့်အတူ အကြမ်းဖက်မှုများတွင်လည်းကောင်း၊ အမျိုးသားညီလာခံ ပျက်ပြားရေးကြိုးပမ်းဆောင်ရွက်မှုများတွင်လည်းကောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးသည့် လုပ်ရပ်များတွင်လည်းကောင်း ဦးဆောင်ပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်သည့် ဌေးကြွယ်မှာမူ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် ဖမ်းဆီးစစ်ဆေးနိုင်ခြင်း မရှိသေးကြောင်း သိရှိရသည်။

ယခုအခါ မင်းကိုနိုင်အပါအဝင် ၁၃ ဦးတို့အား သက်ဆိုင်ရာက စစ်ဆေးလျက်ရှိပြီး စစ်ဆေးတွေ့ရှိချက်များအပေါ် မူတည်၍ ဥပဒေကြောင်းအရ ဆက်လက် အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● **NLD ပါတီမှ**

ဖြိုးမင်းကျင်၊ စိုင်းမင်းသိန်း၊ မင်းအောင်၊ ဦးတင်မြင့်၊ အောင်ကျော်ဦး၊ အောင်မင်းနိုင်(ခ) မီးသွေး၊ တင်ဇော်ဦး၊ မျိုးခင်၊ ဇော်ဇော်အောင်နှင့် ကိုကြည်ဖြူတို့အားလည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းနှင့် ကျောက်လမ်းဆုံအနီး၌ နံနက် ၉ နာရီခန့်တွင် NLD ပါတီဝင်များဖြစ်ကြသော ဦးစိုးကြွယ်၊ ဒေါ်ခင်အေးနှင့် ဒေါ်မြင့်သိန်းတို့အားလည်းကောင်း ဆူပူမှုကို မလိုလားသည့် ပြည်သူများက တားဆီးထိန်းသိမ်းပြီး တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

အလားတူ သြဂုတ် ၂၄ ရက်တွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ နံနက် ၁၁ နာရီခန့်တွင် ဆူပူဆန္ဒပြရန် လှုံ့ဆော်သူ NLD ပါတီဝင်များဖြစ်ကြသော ဦးညွန့်ဝင်း၊ အောင်ဇော်ဦး၊ ဦးသိန်းဌေး၊ မင်းမင်းဦး၊ တင်မောင်ကြည်၊ ဦးစောလွင်နှင့် ဦးသိန်းမြင့်ထွန်းတို့အား လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ်၌ နံနက် ၁၁နာရီခွဲခန့်တွင် မြင့်အေးအား လည်းကောင်း၊ ရန်ကုန်မြို့ မြို့တော်ခန်းမအနီး၌ မွန်းလွဲ ၂နာရီခန့်တွင် ညိုညိုလွင်၊ မြင့်ဦး၊ ခင်မာချို၊ ဒေါ်စိန်ထွေး၊ မစိုးစိုး၊ မသဉ္ဇာ၊ မတင်လှ၊ နီနီအေး၊ မြင့်မော်၊ ဒေါ်စန်းစန်းမြင့်(ခ)ဒေါ်ဝင်းမြတ်၊ ဒေါ်ခင်စန်းဦး၊ မေသိင်္ဂီ၊ ထွန်းထွန်းဝင်း၊ ဦးသန်းလှိုင်၊ အောင်ကျော်နိုင်၊ ဦးလူအေးနှင့် မြင့်နိုင်တို့အားလည်းကောင်း၊ ဒဂုံတက္ကသိုလ်အနီး၌ မျိုးမင်းမောင်အားလည်းကောင်း၊ ရန်ကုန်မြို့ ဆူးလေဘုရားအနီး၌ မွန်းလွဲ ၁နာရီကျော်ခန့်တွင် ကျော်သူရိန်အားလည်းကောင်း ဆူပူမှုကိုမလိုလားသည့် ပြည်သူများက တားဆီးထိန်းသိမ်းပြီး တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။

ထိုသို့ ဆူပူအုံကြွမှုဖြစ်ပေါ်စေရန် လှုံ့ဆော်သွေးထိုးအစပျိုးသူများအား မိမိမြို့နယ်၊ မိမိရပ်ကွက်တွင် အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူလူထုက လက်မခံဘဲ တားဆီးထိန်းသိမ်းကာ သက်ဆိုင်ရာတာဝန်ရှိသူများထံ လာရောက်အပ်နှံခဲ့ရာတွင် ဒေသအလိုက် လုံခြုံရေးတာဝန်ရှိသူများကလည်း ဆူပူလိုသူများ၏ အသက်အန္တရာယ်ကိုစိုးရိမ်သဖြင့် လက်ခံထိန်းသိမ်းပေးထားခဲ့ရကြောင်း သိရှိရသည်။ ယင်းကဲ့သို့ ကာကွယ်တားဆီးမှုများပြုလုပ်ခဲ့သည့်အတွက် ဆူပူမှုများ ဖြစ်ပေါ်မှုမရှိဘဲ သက်ဆိုင်ရာနယ်မြေအသီးသီးတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်လုပ်ကိုင်နိုင်ကြသဖြင့် စိတ်ချမ်းမြေ့ဝမ်းသာကြည်နူးလျက်ရှိကြကြောင်း သိရှိရသည်။

ထိုကဲ့သို့ အချို့သော NLD ပါတီဝင်များ၊ ထုတ်ပယ်ခံများသည် ၈၈ မျိုးဆက်ကျောင်းသားအမည်ခံအုပ်စုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှိနေမှုများကို ကြားသိ၊ တွေ့မြင်နေရသည့် ပြည်သူများက NLD ပါတီအနေဖြင့် အဆိုပါလုပ်ရပ်များတွင် တာဝန်မကင်းကြောင်း၊ နိုင်ငံရေးပါတီတစ်ခုအနေဖြင့် မိမိ၏ပါတီဝင်များကို ကြပ်မတ်ထိန်းသိမ်းရန် တာဝန်ရှိကြောင်း စသည်ဖြင့် ဝေဖန်ပြောဆိုနေကြောင်းလည်း သတင်းများရရှိသည်။

(သတင်းစဉ်)

မော်လမြိုင်မြို့ သောက်သုံးရေ စုဆောင်းထားရှိမှု တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၄

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ဝင်းနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါ၍ ဩဂုတ် ၁ ရက်တွင် မော်လမြိုင်မြို့ သောက်သုံးရေပေးဝေရေးလုပ်ငန်း ရေစုကန်၊ ရေထိန်းသိမ်းရေးနှင့် ဖြန့်ဖြူးရေးဆောင်ရွက်လျက်ရှိသည့် မော်လမြိုင်မြို့စည်ပင်သာယာရေးအဖွဲ့ပိုင် ရေဂါလန် ၁၅ သိန်းဆံ့ ရေစုကန်သို့ ရောက်ရှိသည်။

ယင်းနောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေက မော်လမြိုင်မြို့နယ်အတွက်သောက်သုံးရေဖြန့်ဝေရေး၊ ကန်သုံးကန်ရှိ ရေစုကန်တွင် ရေဂါလန် ၁၅ သိန်း စုဆောင်းထားရှိမှု၊ ရေထိန်းသိမ်းရေး၊ ဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုရုပ်ပုံကားချပ်တို့ဖြင့်ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ် သက်နိုင်ဝင်းက ရေဂါလန် ၁၅ သိန်းဆံ့ ရေစုကန်ပြုပြင်ဆောင်ရွက်ထားမှု၊ ရေများဖြည့်သွင်းထားရှိမှု၊ ရေစုကန်ထိန်းသိမ်းထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရေလေလွင့်ပြုန်းတီးမှုမရှိရေး စဉ်ဆက်မပြတ် ကြပ်မတ်စစ်ဆေးမှတ်တမ်းထားရှိရေးကို မှာကြားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

The Commerce Journal အတွဲ(၇)အမှတ်(၂၄)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၄

The Commerce Journal အတွဲ(၇)၊အမှတ်(၂၄)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါ ဂျာနယ်တွင် မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်၊ ကြော်ငြာတီဗွီကြီးတစ်ခု မြေနီကုန်း တွင်တပ်ဆင်မည်၊ ရန်ကုန်စည်ပင်က အသားထုတ်လုပ်ခြင်းကို စစ်ဆေးကြပ်မတ်နေ၊သွင်းကုန်လိုင်စင်ကြေးပေးသွင်းရန် အသိပေးကြေညာချက်၊ ကြက်မွေးမြူသူများ အရှုံးခံရောင်းနေ၊ CNG သုံးယာဉ်များ ဈေးမာလာနိုင်၊ ငြိမ်နေတဲ့ အိမ်၊ခြံ၊မြေ ဈေးကွက် ဝါကျွတ်အထိ အေးနေဦးမှာလား၊ သိုးနှင့်ဆိတ် မွေးမြူသူများလာ၊ပြည်ပသို့ပို့ကုန်မြန်မာ့ဆီးသီးခြောက်၊ တရုတ်ဈေးကွက်သို့ ပဲတီစိမ်းအရောင်းသွက်၊ အစုရှယ်ယာ အရောင်းအဝယ်သွက်နေတဲ့ FMI Trading Center ဒေါ်လာသည် အားပျော့ ငွေကြေးလား၊ ရေနံစွဲသူတို့အတွက် ဆေးတစ်လက်၊ ပြည်ပကြိုက် ရွှေပုစွန်၊ ဆံကေသာဒီဇိုင်းမျိုးစုံ ပြုလုပ်နိုင်တဲ့ Lolane စသည့်သတင်းများနှင့်အတူ မောင်စူးစမ်း၊ ဦးဟန်ထွန်း၊ အောင်သင်း၊ မောင်မောင်ရီ(ဘောဂဗေဒ)၊ ကြည်ခင်၊ မောင်ပုဆိုးကြမ်း၊ဒေါက်တာထိန်လင်းတို့၏ ဆောင်းပါးများ၊ ပို့ကုန် သွင်းကုန်ခွင့်ပြုသည့် ကုန်ပစ္စည်းများ၏ ဈေးနှုန်းများ၊ နယ်စပ်ကုန်သွယ်ရေး သတင်းများ၊ ရန်ကုန်မြို့၏စားကုန်နှင့် လူသုံးကုန် ဈေးနှုန်းစာရင်းများကို သတင်းအချက်အလက် ခိုင်ခိုင်မာမာနှင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ ဒဂုံမြို့နယ်အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသူလေးများ၏ သက်ငယ်အဆိုပြုလွှာကို လက်ခံစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ သက်ငယ်အဆိုပြုလွှာပေးအပ်

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ သက်ငယ်အဆိုပြုလွှာ ပေးအပ်ပွဲနှင့် အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၃ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း နဝရတ်ဆောင်၌ ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ တက်ရောက်အမှာစကားပြောကြားပြီး ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းမှကျောင်းသူလေးများ၏ သက်ငယ်အဖွဲ့ဝင် အဆိုပြုလွှာ စောင်ရေ ၁၀၀၀ကို လက်ခံသည်။

ဆက်လက်၍ စာရေးဆရာမ မစန္ဒာ ကလွဲမှားသောအယူအဆများခေါင်းစဉ်ဖြင့်လည်းကောင်း၊ဒေါက်တာဒေါ်လေးခိုင်က မျိုးဆက်ပွား ကျန်းမာရေးနှင့် အရွယ်သုံးပါး မိန်းမသားခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေး ဟောပြောကြပြီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက စာရေးဆရာမ မစန္ဒာနှင့် ဒေါက်တာ ဒေါ်လေးခိုင်တို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗင်နိုင်း စက်သစ်ကြီးများ ဈေးကွက်မိတ်ဆက်ပွဲနှင့် မြန်မာနိုင်ငံ ကိုယ်စားလှယ်ခန့်အပ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

FeiYeung ကုမ္ပဏီမှတင်သွင်းသော Phaetonနှင့် Infinityအမှတ်တံဆိပ် ဗင်နိုင်းInkjet Printing စက်သစ်ကြီးများ ဈေးကွက်မိတ်ဆက်ပွဲနှင့် မြန်မာနိုင်ငံကိုယ်စားလှယ်ခန့်အပ်ပွဲကိုဩဂုတ်၁၈ရက် မွန်းလွဲပိုင်းတွင်ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ရှေ့ဦးစွာFeiYeung ကုမ္ပဏီမှတာဝန်ရှိသူများကနှုတ်ခွန်းဆက်စကားပြောကြားကြပြီး Fei Yeung ကုမ္ပဏီ၏ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် Golden Hero ကုမ္ပဏီအားခန့်အပ်လွှာပေးအပ်သည်။ ထို့နောက် Golden Hero ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးအိုက်တီက ကျေးဇူးတင်စကား ပြောကြားပြီး Phaeton အမှတ်တံဆိပ် စက်သစ် များနှင့် Infinityအမှတ်တံဆိပ် စက်သစ်ကြီး များ အကြောင်းသရုပ်ပြ ရှင်းလင်းပြသသည်။

Golden Hero ကုမ္ပဏီသည် ယခုလမှစ၍ ဗင်နိုင်းစက်များနှင့် ပတ်သက်၍ စက်ပြုပြင်ထိန်းသိမ်းရေး ပညာရှင်များအဖွဲ့ (Service Team) ထားရှိကာ ပြုပြင်ထိန်းသိမ်းရေး ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗင်နိုင်းစက်သစ်ကြီးများ ဈေးကွက်မိတ်ဆက်ပွဲတွင် Golden Hero ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးအိုက်တီ ကျေးဇူးတင်စကားပြောကြားစဉ်။ (သတင်းစဉ်)

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ထီးတော်သစ် တင်လှူပူဇော်ရန် ငွေကျပ်သိန်း ၃၀ ကို အေးအေးခိုင်ကျောက်စိမ်းနှင့် ကျောက်မျက်ကုမ္ပဏီပိုင်ရှင် ဦးစိုးနိုင်နှင့် ဇနီးဒေါ်အေးအေးခိုင်တို့ကိုယ်စား မန်နေဂျာ ဦးဟန်သောင်းက ပေးအပ်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီးတည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားဈေး အုန်း၊ ငှက်ပျော နိဗ္ဗာန်ကုန်သည် ဦးညီညီ-မဝါမိသားစုက ငွေကျပ် ၂၀၀၀၀၀ လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင်များဖြစ်ကြသည့် ဦးအုန်းကြိုင်၊ ဦးအေးကိုတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်း ၃-ရပ်ကွက် ပတ္တမြားလမ်းနေ ကျေးဇူးရှင်ဖခင် ဦးစံငွေ-မိခင်ဒေါ်ကြိုင်တို့အား ရည်စူး၍ သမီး ဒေါက်တာဒေါ်မြမြဦးနှင့် မအေးမွန်ခင်တို့က ကြေးပြားလေးချပ် တန်ဖိုးငွေကျပ် ၁၀၀၀၀၀ ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) ထံ လာရောက်လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က-ပ)

ကွယ်လွန်သူ နှစ်ဖက်မိဘတို့ကို ရည်စူး၍ မြိတ်မြို့ တပ်ပြင်ရပ်နေ ဦးသိန်းစိုး-ဒေါ်မြစ္စီမိသားစု (မြတ်ဆုထိုက်ရွှေဆိုင်)က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရွှေခါးပတ်ချန်ပီယံလက်ဝှေ့ပြိုင်ပွဲ ပထမနေ့ထိုးသတ်မည့်တွဲဆိုင်းများ သတ်မှတ်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစား ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရိုးရာ လက်ဝှေ့အဖွဲ့ချုပ်တို့မှ ကြီးမှူး စီစဉ်၍ ကယ်လ်ဆမ်ကွေကာ (MDG Co. Ltd.) ၏အဓိကကူညီပံ့ပိုးမှုဖြင့် ကျင်းပမည့် ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲကြီး (၂၀၀၇)အတွက် ရိုးရာလက်ဝှေ့အဖွဲ့ ချုပ်အမှုဆောင်များ၊ ပြိုင်ပွဲဝင်မည့် အသင်းများမှ အုပ်ချုပ်/နည်းပြများပါဝင်သော အစည်းအဝေး

ရွှေခါးပတ်ချန်ပီယံ လက်ဝှေ့ပြိုင်ပွဲ ၆၃ ဒသမ ၅ ကီလို လိုက်ဝယ်လ်တာ ဝိတ်တန်းတွင် ယှဉ်ပြိုင်မည့် ရွှေခါးပတ် ချန်ပီယံ ဝင်းထွန်း (လယ်/ဆည်)။



ရွှေခါးပတ်ချန်ပီယံ လက်ဝှေ့ပြိုင်ပွဲ ၆၀ ကီလို လိုက်ဝိတ်တန်းတွင် ယှဉ်ပြိုင်မည့် တွေ့မရှောင် (K.L.N)။

တစ်ရပ်ကို ယနေ့ပြုလုပ်ခဲ့ပြီး လက်ဝှေ့တွဲဆိုင်းများ အတည်ပြုလိုက်သည်။

ယနေ့ပွဲစဉ်

ဩဂုတ်၂၅ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ

(၁) သုဝဏ္ဏ၌ စတင်ကျင်းပမည့် ကွာတား ဖိုင်နယ် ၅၁ကီလို ဖလိုင်းဝိတ်တန်းတွင် ယှဉ်ပြိုင်ကြမည့် သူများ

မှာ ဖွဲ့သတ္တိ(သူရဲကောင်း)နှင့် နိုင်ဝင်း(မျိုးဆက်သစ်)၊ထစ်ချုန်း(မြန်မာပြည်သား) နှင့် ခိုင်လင်း(တောင်ကလေး)၊ ရွှေချစ်သွေး (နှစ်ရှည်ဥယျာဉ်ခြံ)နှင့် ပအိုဝ့်လေး (မြို့တော်စည်ပင်)၊ မိုးကြိုး (တနင်္သာရီ)နှင့် ရွှေကျည်ဆန် (ဘိလပ်မြေစက်ရုံ)တို့ဖြစ်ကြသည်။

ကွာတားဖိုင်နယ်

၆၀ကီလို လိုက်ဝိတ်တန်းတွင် မောရှေ (အလင်းရောင်)နှင့် ကြည်မင်းသူ (ငြိမ်းချမ်းရေး)၊ ဟိန်းညီညီ (မြို့တော်စည်ပင်)နှင့် တွေ့မရှောင် (K.L.N)၊ မဲလေး (တနင်္သာရီ)နှင့် ရွှေမင်းရာဇာ(မျိုးဆက်သစ်)၊ သတ္တိအောင်(တောင်ကလေး)နှင့် မင်းစကြာ (နှစ်ရှည် ဥယျာဉ်ခြံ)တို့ ကွာတား ဖိုင်နယ်အဖြစ် ရင်ဆိုင်ယှဉ်ပြိုင်ကြမည်။

၆၃ဒသမ၅ကီလို လိုက်ဝယ်လ်တာ ဝိတ်တန်းတွင် ဒေါင်းညိုလေး (ဒေါင်းမြန်မာ) နှင့် နဂါးလေး (တနင်္သာရီ)၊ ပတ္တမြားငမောက်(မြန်မာပြည်သား)နှင့် ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း(လယ်/ဆည်)၊ စစ်အောင်(နှစ်ရှည်ဥယျာဉ်ခြံ) နှင့် စောဖွဲလေး (K.L.N)၊ အောင်ဖေယျ(ဘိလပ်မြေစက်ရုံ)နှင့် စောဝီလျံသိန်း (အင်းစိန်)တို့ ဆီမီးဖိုင်နယ်တက်ရောက်နိုင်ရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

(ကြေးမုံ)

ရွှေခါးပတ်ချန်ပီယံ လက်ဝှေ့ပြိုင်ပွဲ ၆၃ ဒသမ ၅ကီလို လိုက်ဝယ်လ်တာ ဝိတ်တန်းတွင် ယှဉ်ပြိုင်မည့် ဂျပန်ပြန် စောဖွဲလေး (K.L.N)။

ရန်ကုန်မြို့ တာမွေမြို့နယ် လက်ဝဲမင်းဒင်လမ်း (မြို့နယ်သစ်ကျောင်းစာသင်တိုက်) ၌ ဘုံသုံးဆင့်တန်ဆောင်းကြီး ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူပါမောက္ခ ဒုတိယဗိုလ်မှူးကြီး ရဲနိုင်(ငြိမ်း) မျက်စိအထူးကု ဆရာဝန်ကြီးအား ရည်စူး၍ ဇနီးဒေါ်ခင်လေးရီဝင်း မိသားစုက ငွေကျပ်သိန်းနှစ်ဆယ်ကို တိုက်အုပ်ဆရာတော် ရှေ့မှောက်၌ လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံယူစဉ်။

(သတင်းစဉ်)

အသက်(၁၇)နှစ်အောက် အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲ ဗီယက်နမ်လူငယ်အသင်းက မြန်မာအသင်းကို အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၂၄

၂၀၀၇ခုနှစ် အသက်(၁၇)နှစ်အောက် အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲကို ယနေ့ ဒေသစံတော်ချိန် ညနေ ၄နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင်(ခ)အုပ်စုမှ ဗီယက်နမ်လူငယ်လက်ရွေးစင် ဘောလုံးအသင်းနှင့် မြန်မာလူငယ် လက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗီယက်နမ်လူငယ်အသင်းက တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာလူငယ် လက်ရွေးစင် ဘောလုံးအသင်းသည် ဩဂုတ် ၂၆ရက်တွင် အုပ်စုတတိယပွဲစဉ်အဖြစ် လာအိုလူငယ်လက်ရွေးစင် ဘောလုံးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဩဂုတ် ၂၄

ပန်းလှိုင်ဂေါက်ကွင်းတွင် ဦးအောင်ဟိန်း (HUMMER AUTO SERVICE) သည် ကစားဖော်များ ဖြစ်ကြသော ဦးထွန်းလွင် (ရွှေသမင်ဆေးတိုက်)၊ ဦးအောင်သိန်း (GREEN BIRD AUTO SERVICE) တို့နှင့်အတူ ဇူလိုင် ၂၂ရက်တွင် ဂေါက်သီးရိုက်ကစားကြရာ SRIXON DISTANCE No(1) ဘောလုံးကို GOSEN IRON No (6) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၆၈ ကိုက်ရှိ ကျင်းအမှတ်(၆)တွင် တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(က-ပ)

သင့်သွေးဖြင့် အသက်ကယ်ပါ

ကြေးမုံ The Mirror ပြည်သူ့ထံမှ ပေးစာ

အောင်ချမ်းသာကားမှတ်တိုင် တိုးချဲ့ပေးပါ

စာတည်းခင်ဗျား–

သန်လျင်မှ ရန်ကုန်ဘက်သို့သွားသည့် ခရီးသည်တင်ယာဉ်များရပ်သော အောင်ချမ်းသာ ကားမှတ်တိုင်သည် သရက်ပင်ကျောင်းရှေ့တွင်ရှိသဖြင့် အမှုထမ်းရပ်ကွက်၊ အောင်ချမ်းသာရပ်ကွက်၊ မြရတနာရပ်ကွက်တို့မှ ခရီးသည်များသည် ကားမှတ်တိုင်သို့ လမ်းလျှောက်ရခြင်း၊ စက်ဘီးကယ်ရီ၊ ဆိုင်ကယ်ကယ်ရီများ ငှားရမ်းစီးရခြင်းကြောင့် အခက်အခဲရှိပါသည်။

သို့ဖြစ်ပါ၍ လက်ရှိကားဂိတ်အပြင် အောင်ချမ်းသာကုန်းထိပ်ဈေးအနီး သင့်တော်ရာနေရာတွင် မှတ်တိုင်အသစ် တိုးချဲ့ပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသည်များ

ခွေးလေခွေးလွင့်များ ရှင်းလင်းပေးစေလို

စာတည်းရှင့်–

တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက်အတွင်း၌ ခွေးလေခွေးလွင့်များရှိပြီး ဒဂုံသီရိလမ်း၊ ဩဘာလမ်းနှင့် သီတာလမ်းကြားတွင် လမ်းသွားလမ်းလာများ မကြာခဏ ခွေးကိုက်ခံနေကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ခွေးလေခွေးလွင့်များအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ဒဂုံသီရိရှိသူ

အမှိုက်မီးရှို့ရှောင်ရှားနေသူများ တားဆီးပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ကေတုမာလာရိပ်သာ (၄)ရပ်ကွက် ပါရမီလမ်းနှင့် စေတနာလမ်းသွယ်ထိပ်အနီးတွင် မြို့နယ်ပေါင်းစုံရှိ ရွှေပန်းထိမ်ဖိုများမှ ယူဆောင်လာသော အမှိုက်သရိုက်မျိုးစုံကို သံမိုးပြဒယ်ကြီးများ အတွင်းထည့်၍ မီးရှို့ခြင်း၊ မီးကျွမ်းသွားသော အမှိုက်ပြာများကို လုံကြီးများထဲတွင်ထည့်ပြီး မီးပြင်းတိုက်၍ ဖိုထိုးခြင်း၊ အဆိုပါ လုံကြီးများကို ဆယ်ပြီး ငရဲမီးလောင်း၍ ရွှေတိုရွှေစများ ထုတ်ယူခြင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ ညှော်နံ့မျိုးစုံ ထွက်ပေါ်နေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား ဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ညှော်နံ့မခံနိုင်သူများ

ကျေးရွာတွင်းမှ ယမကာဆိုင် ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် လောက်လေးချောင်း ကျေးရွာအုပ်စု ကျောင်းစုကျေးရွာတွင် အရက်ဆိုင်တစ်ဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိရာ အဆိုပါ အရက်ဆိုင်တွင် အရက်သောက်သူများသည် မကြာခဏခိုက်ရန်ဖြစ်ပွားခြင်း၊ ဆူညံခြင်း၊ ရန့်ရင်းကြမ်းတမ်းသော အပြုအမူ အပြောအဆိုများ ပြုလုပ်နေခြင်းတို့ကြောင့် ကျေးရွာသူ၊ ကျေးရွာသားများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအရက်ဆိုင်အား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ကျေးရွာသူ၊ ကျေးရွာသားများ

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ

စာတည်းရှင့်–

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ရေဥက္ကံကျေးရွာအုပ်စု အမက(၁၆)၊ သောင်ကြီးလေး ကျောင်းရှေ့မျက်နှာစာ ဆိုင်ခန်းများနှင့် ကျောင်းနောက်ဘက် ဆိုင်ခန်းများအနီးရှိ ရေမြောင်းများမှာ အမှိုက်များ ပိတ်ဆို့နေပါသဖြင့် ခြင်၊ ယင်များပေါက်ပွားပြီး ပတ်ဝန်းကျင်တွင် နေထိုင်သူများ ကျန်းမာရေး ထိခိုက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူတစ်ဦး

မြို့အင်္ဂါရပ်နှင့် ညီညွတ်စေချင်

စာတည်းခင်ဗျား–

မအူပင်မြို့ မြို့မျက်နှာစာရှိ လွတ်လပ်ရေးကျောက်တိုင်ကွင်း မြစ်ကမ်းဘက်တွင် အဆောက်အအုံ အခိုင်အမာ ဆောက်လုပ်နေထိုင်သူများသည် အညစ်အကြေးများကို ကျောက်တိုင်ကွင်းအတွင်း စွန့်ပစ်ကြပါသည်။ အချို့က လောင်စာဆီများကို ပြုပြင်၊ သိုလှောင်၊ ထုတ်လုပ်၊ ရောင်းချလျက်ရှိရာ မီးဘေးအန္တရာယ်လည်း စိုးရိမ်ရပါသည်။

သို့ဖြစ်ပါ၍ မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မအူပင်သား

ပြည်သူ့ထံမှပေးစာပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း(မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

သံပန်းသံတံခါးလုပ်ငန်း စိစစ်ဆောင်ရွက်ပြီး

၁၇-၂-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ပုဇွန်တောင်မြို့နယ် **၅၆ လမ်းမှ သံပန်း သံတံခါးလုပ်ငန်း စိစစ်ဆောင်ရွက်ပေးစေလို** ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

ဗိုလ်မင်းရောင်လမ်း ပြုပြင်ပြီးစီး

၃၀-၉-၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၅)ကွေ့နှင့် ကျောင်းကွေ့အကြား **ဗိုလ်မင်းရောင်လမ်းပြုပြင်ပေးပါ** ပေးစာနှင့်စပ်လျဉ်း၍ ပြုပြင်ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

မီးစက်ညှော်နံ့ ရှင်းလင်းပြီးစီး

၁၀-၂-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ကျောက်တံတားမြို့နယ် (၉)ရပ်ကွက် ၃၉ လမ်း(အလယ်)မှ **မီးစက်သံနှင့်ညှော်နံ့ပတ်ဝန်းကျင် မခံနိုင်** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

စတုတ္ထအကြိမ် ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ တံခွန်စိုက်ဆုဖလားယူမည့် မြန်မာပြည်သား ရိုးရာလက်ဝှေ့အဖွဲ့

ဇင်လင်းထွန်း
(ဓနုဖြူ)

စတုတ္ထအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံ ပြိုင်ပွဲကြီး (၂၀၀၇)သို့ ဝင်ရောက် ယှဉ်ပြိုင်ကြမည့် ကလပ်သင်းများတွင် ရန်ကုန်တိုင်း မှော်ဘီမြို့ မရမ်းတလင်း၌ တည်ရှိသော မြန်မာပြည်သား ရိုးရာလက်ဝှေ့ အဖွဲ့လည်း ပါဝင်သည်။ မြန်မာပြည်သားအသင်းသည် ၂၀၀၃ ခုနှစ်မှ စတင်တည်ထောင်ခဲ့သော်လည်း ကာလတိုအတွင်း အောင်မြင်မှု ရရှိလာခဲ့သည်။

ပြီးခဲ့သည့် ၂၀၀၆ ရွှေခါးပတ် ချန်ပီယံပြိုင်ပွဲကြီး သို့ မြန်မာပြည်သားအဖွဲ့မှ သုံးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဝယ်လ်တာဝိတ်တန်းတွင် သူရရဲအောင်က ရွှေခါးပတ်၊ လိုက်ဖလိုင်းဝိတ်တန်းတွင် မိုးသီးက ငွေ၊ ဘင်တန်ဝိတ်တန်းတွင် သိုးကောင်းက ကြေးတံဆိပ် ရရှိခဲ့သည်။

ယခုပြိုင်ပွဲတွင် ၎င်းတို့သုံးဦးအပြင် ကြယ်တစ်ပွင့်၊ ထစ်ချုန်း၊ ဘာမထီ မောင်မောင်၊ စိန်သုံးလုံးတို့ပါ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည့်အတွက် တံခွန်စိုက်ဆုဖလား မျှော်လင့်နိုင်သော အနေအထားဟု ဆိုရမည်။

သူရရဲအောင်က လက်ရှိဝယ်လ်တာဝိတ်တန်း ချန်ပီယံဖြစ်သည့်အတွက် ကိုယ်အလေးချိန်ကို ထိန်းထားနိုင်လျှင် ၎င်းအတန်း၌ပင် ချန်ပီယံခါးပတ်

၂၀၀၇ခုနှစ် ရွှေခါးပတ်ချန်ပီယံ ပြိုင်ပွဲဝင်မည့် မြန်မာပြည်သားအသင်း။

ကို ကာကွယ်မည်ဖြစ်သည်။ သူရရဲအောင်သည် ပထမတန်းလက်ဝှေ့ကျော် ကျားသစ်ရဲအောင်၏သား နာမည်ကျော် အောင်အောင်ထွန်း၏ညီ ဖြစ်သည့်အားလျော်စွာ ရိုးရာလက်ဝှေ့ပညာ အခြေခံကောင်းပြီး ငယ်စဉ်ကတည်းက လက်ဝှေ့ပွဲများနှင့် ယဉ်ပါးခဲ့သူ ဖြစ်သည်။ ဆရာကြီး ဦးဗိုစိန် နာယကအဖြစ် ဆောင်ရွက်၍ ဆရာတွံတေးသန်းလွင် နည်းပြနေသော မြန်မာပြည်သားအဖွဲ့သို့

ရွှေခါးပတ်ချန်ပီယံ သရဖူကာကွယ်မည့် သူရရဲအောင် (မြန်မာပြည်သား)။

ရောက်ရှိလာပြီးနောက် ပို၍ ပညာစုံလာခဲ့သည်။ စိန်ခေါ်ပွဲများတွင် သရေပွဲများလေ့ရှိသော်လည်း ရွှေခါးပတ်ပြိုင်ပွဲကဲ့သို့ အမှတ်ဖြင့် ဆုံးဖြတ်သောပွဲတွင်မူ ထိုးသတ်ပုံပါးနပ်၍ ပြိုင်ဘက်ထံမှ အမှတ်နိုက်ယူတတ် သော သူရရဲအောင်က ချန်ပီယံဘွဲ့ကို ထပ်ဆင့်ခံယူမည့်အသွင် ရှိနေသည်။

သိုးကောင်းသည် ယမန်နှစ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်၌ ဒေါနအောင်အား ရှုံးနိမ့်ကာ ရွှေခါးပတ်နှင့်ဝေး၍ ကြေးတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရသော်လည်း ယခုနှစ် ပြိုင်ပွဲအတွက်မူ ယုံကြည်ချက်အပြည့်ဖြင့် လေ့ကျင့်နေသည်။ ၂၀၀၇ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား(က)အဆင့် ဘင်တန်ဝိတ်တန်း၌ ရွှေတံဆိပ် ဆွတ်ခူးခဲ့သဖြင့် စိတ်ဓာတ်ရေးရာ တက်ကြွမှုရှိနေသည်။ ဘယ်ခြေကန်ချက်နှင့် ညာဖြောင့်လက်သီး ပြင်းထန်သည်။

မိုးသီး (ခ) သားစစ်နိုင်သည် ပြိုင်ဘက်များကို မကြောက်မရွံ့ ရင်ဆိုင်တတ်သူ ဖြစ်သည်။ ငယ်ဆရာ ဦးစစ်နိုင်ထံမှာ အနောက်တိုင်း လက်ဝှေ့ပညာကို စနစ်တကျသင်ကြားလာသဖြင့် လက်သီးတွဲများ သပ်ရပ်သည်။

ထိုးလုံးသတ်ပေါက်စုံသည်။ ညာဖြောင့်တစ်လုံးက ပွဲသိမ်းနိုင်စွမ်းရှိသည်။ ယမန်နှစ်က ၎င်းငွေတံဆိပ်ရခဲ့သော ဝိတ်တန်း၌ပင် ရွှေခါးပတ် ပြန်လည်ရယူမည်ဟု ကြုံးဝါးနေသည်။

ထစ်ချုန်းမှာ ဧရာဝတီတိုင်းမှ လက်ဝှေ့ကျော်တစ်ဦး ဖြစ်ပြီး ငယ်ဆရာ ဦးဇမ္ဗူကျော်၊ ကိုကျော်စိုး (K.L.N)တို့ထံမှ ရိုးရာလက်ဝှေ့ပညာများ ဆည်းပူးခဲ့ပြီး မြန်မာပြည်သားအဖွဲ့သို့ ရောက်ရှိလာကာ မွန်ပြည်နယ်တစ်ဝန်းတွင် စိန်ခေါ်ပွဲပေါင်းများစွာနွဲ၍ ဆုတံဆိပ်နှင့်အလံများ ရရှိခဲ့သည်။

ဘာမထီမောင်မောင်က လိစ္ဆဝီအမည်ဖြင့် ရိုးရာလက်ဝှေ့လောကတွင် လှုပ်ရှားခဲ့သည်မှာကြာပြီ။ အနောက်တိုင်းလက်ဝှေ့ပညာကို ဘားမားသောင်းထွန်း၊ ရိုးရာပညာကို ဆရာဦးတင်ဦး (အား/ကာ)တို့ထံမှ သင်ကြားခဲ့ပြီး စိန်ခေါ်ပွဲပေါင်း ၁၀၀ ခန့် နွှဲခဲ့ဖူးသော အတွေ့အကြုံရှိသည်။ သူ၏ ဘယ်ပင့် ညာဖြောင့်များက ပွဲသိမ်းတိုက်ကွက်အဖြစ် ထင်ရှားသည်။ ၂၀၀၀ ပြည့်နှစ် ရွှေခါးပတ်ပြိုင်ပွဲတွင် ဒုတိယ ငွေတံဆိပ်ရရှိဖူးသူဖြစ်သည်။

စိန်သုံးလုံးသည် မွန်ပြည်နယ် သထုံမြို့မှ ဖြစ်သည်။ ပီကင်းပြန်ဆရာကြီး ဦးဗိုစိန်၏တူမှ မွေးသော မြေးငယ်ဖြစ်၍ ရိုးရာလက်ဝှေ့ပညာကို အဘိုးလေးထံမှ သင်ယူတတ်မြောက်ကာ ၁၁ နှစ်သားမှစ၍ ရိုးရာလက်ဝှေ့ပွဲများနှင့် စတင်

နည်းပြဆရာ ဦးသန်းလွင်က သိုးကောင်း (မြန်မာပြည်သား)အား လေ့ကျင့်ပေးစဉ်။

ထိတွေ့ခဲ့ပြီး ပွဲပေါင်းများစွာ အတွေ့အကြုံရှိခဲ့သည်။ ပတ္တမြားငမောက်အမည်ဖြင့် လက်ဝှေ့ထိုးသတ်လာခဲ့ရာမှ ယခုပွဲတွင် ဦးဗိုစိန်၊ ဝင်းနိုင်စိန်၊ နိုင်နိုင်စိန်၊ စိန်ငါးလုံးခေါ် နေသူရိန်တို့၏ စိန်မျိုးဆက်အဖြစ် ဂုဏ်ဝင့်ပြကာ ရွှေခါးပတ် ရယူမည်ဟူသော စိတ်ဓာတ်ဖြင့် စိန်သုံးလုံးအမည်ကို ခံယူ လိုက်ခြင်းဖြစ်သည်။ ၎င်း၏ ဒူးတိုက်ချက်မျိုးစုံက ပြိုင်ဘက်ကို ဒုက္ခပေးလေ့ရှိသည်။

မြန်မာပြည်သား လက်ဝှေ့အဖွဲ့၏ အစွမ်းအစကို ၂၀၀၇ ရွှေခါးပတ် ချန်ပီယံပြိုင်ပွဲ၌ စောင့်ကြည့်ကြရမည်ဖြစ်သည်။ ။

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်းနေ ဦးသံလျှင်-ဇနီး ဒေါ်မြင့်မြင့်ကြည် မိသားစုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မုဒုံမြို့နယ် အရန်သားဖွားဆရာမသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂၄

မွန်ပြည်နယ် မုဒုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားဆရာမသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁ ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ထားထားလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်ဌေးက အရန်သားဖွားသင်တန်း ဖွင့်လှစ်သင်ကြားရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ အဆိုပါ သင်တန်းကို ခြောက်လကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ရပ်ကွက်၊ကျေးရွာများမှ သင်တန်းသူ ၁၀ဦးတို့ တက်ရောက်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် နိုင်ငံခြားဘာသာစကားပြော သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၂၄

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ညနေအချိန်ပိုင်း နိုင်ငံခြား ဘာသာစကားပြော (၄)လသင်တန်း (အင်္ဂလိပ်၊ ဂျာမန်၊ တရုတ်ဘာသာ)များကို ၂၀၀၇ ခုနှစ် စက်တင်ဘာလအတွင်းဖွင့်လှစ် သင်ကြားပို့ချမည်ဖြစ်ရာ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများနှင့် ဘွဲ့ရပြီးသူများ လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဖုန်း ၆၅၀၇၁၂၊ ၆၅၀၇၁၆ နှင့် ၆၅၁၆၀၉ တို့သို့ ဆက်သွယ်မေးမြန်း လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန် ကလေးဆေးရုံကြီး၌ ကျင်းပသော အလှူငွေပေးအပ်ပွဲတွင် ကလေးလူနာများအတွက် အရေးပေါ်လိုအပ်နေသော ဆေးဝါးပစ္စည်း ဝယ်ယူနိုင်ရန် Family Business Group မှ ငွေကျပ် ၁၇ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဦးအောင်ကြည်ဝင်း လက်ခံယူစဉ်။ (ကြေးမုံ)

ဆုချီးမြှင့်

ရန်ကုန် စက်မှုတက္ကသိုလ်မှ ၁၉၈၂ ခုနှစ်မှ ၁၉၈၇ ခုနှစ်အတွင်း အင်ဂျင်နီယာ ဗိသုကာဘွဲ့ရ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တက္ကသိုလ်ဝင်တန်းအောင် သား၊ သမီးများအား ပညာရည်ချွန် ဆုနှင်းပွဲနှင့် မိတ်ဆုံပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပရာ တာဝန်ရှိသူတစ်ဦးက ဆုရရှိသော ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (က-ပ)

KHIN THIDA EDUCATION
တက်သူတိုင်းတတ်၍ တတ်သူတိုင်း ကျွမ်းကျင်ပိုင်နိုင်စွာ ချုပ်နိုင်ရမည်။
မည်သည့်သင်တန်းနှင့်မျှမတူ ပိတ်စပေး၍ တစ်ဦးချင်းအထူးဂရုစိုက်သင်ကြားပေးနေသည့် 'ခင်သီတာအုန်း' အဆင့်မြင့်ဖက်ရှင်နှင့် စက်ချုပ်သင်တန်း
၁၅၆၊ ၁၅၈ (မြေညီထပ်) ဒီ-၁၊ ၄၆လမ်းနှင့် ၄၇ လမ်းကြား၊ အနော်ရထာလမ်း၊ Ph-297074, 09-51-47795
နယ်မှလာသူများအတွက် နေရေး စားရေး စီစဉ်ပေးသည်။
သင်တန်းသူ့အသားအမျိုးလက်ခံနေပြီ

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာခန့်ထားရန်)

၁။ Administrative Manager ကျား၊မ(၂)ဦး
MBA/DMA/HR Management အောင်မြင်ပြီးစီမံခန့်ခွဲ အုပ်ချုပ်တတ်ရမည့်အပြင် စက်ရုံလုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။

၂။ Planning Manager ကျား၊မ(၂)ဦး
MBA/DMA Planning ကိုကျွမ်းကျင်စွာရေးဆွဲနိုင်သူဖြစ်ရမည်။

၃။ HR Manager ကျား၊မ(၁)ဦး
HR Manager သင်တန်းတက်ရောက်ဖူးသူ၊ ဝန်ထမ်းရေးရာနှင့်ပတ်သက်၍ ကျွမ်းကျင်စွာ ဖြေရှင်းညှိနှိုင်းနိုင်ပြီး လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။

၄။ Construction တာဝန်ခံ ကျား၊မ(၂)ဦး
B.E(Civil)/B.Tech/A.G.T.I မြို့ပြလုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းတာတွက်ချက်ခြင်း၊ ပုံစံပြုဆောင်ရွက်နိုင်သူ၊ လုပ်ငန်းခွင်တွင်တက်ကြွစွာ ဆောင်ရွက်နိုင်သူ၊ သတ်မှတ်ချိန်အတွင်းလျာထားလုပ်ငန်းများ ပြီးမြောက်အောင် schedule ရေးဆွဲနိုင်၍ အကောင်အထည်ဖော်ဆောင်နိုင်သူ ဖြစ်ရမည်။

၅။ Production Manager ကျား(၁)ဦး
- B.E (Mechanical) /A.G.T.I ဖြစ်ပြီး စက်များပြုပြင်ရန်၊ မောင်းနှင်ရန်၊ Operation လုပ်ရာတွင် ကျွမ်းကျင်သူဖြစ်ရမည်။

၆။ Assistant Engineer ကျား(၁)ဦး
- B.E(EP)/B.Tech/A.G.T.I အသက်(၃၀)နှစ်ထက်မကြီးစေရ၊ လုပ်ငန်းအတွေ့အကြုံ (၅)နှစ်ရှိရမည်။

၇။ Lathe Machine(တွင်ခုံ) ကျား(၂)ဦး
-A.G.T.I/THS ဖြစ်ပြီး မိုများကို ကျွမ်းကျင်စွာခုတ်နိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ၊ ကျွမ်းကျင်သူဖြစ်ပါက ပညာအရည်အချင်းအား လျှော့ပေါ့၍ စဉ်းစားမည်။

၈။ Production Manager ကျား၊မ(၁)ဦး
-B.E(Chemistry)/M.Sc(IC) ဖြစ်ပြီး ကုန်ထုတ်လုပ်ငန်းခွင် အတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။

၉။ R&D (or)QC ကျား၊မ(၃)ဦး
- B.Sc (Chemistry/IC),B.E (Chemical) ဓာတ်ခွဲခန်း အတွေ့အကြုံ(၃)နှစ် ရှိရမည်။

၁၀။ Marketing Manager ကျား၊မ(၁)ဦး
–ဘွဲ့ရဖြစ်ပြီး Marketing Diploma အောင်မြင်ပြီးသူဖြစ်ရမည်။ ရုပ်ရည်သန့်ပြန့်၍ဆက်ဆံရေးကောင်းမွန်ပြီးဒေသမရွေးခရီးသွားနိုင်သူ ဖြစ်ရမည်။

၁၁။ Sale Man/Girl ကျား၊မ(၄)ဦး
-Sale&Marketing အတွေ့အကြုံ (၂)နှစ်ရှိပြီး ရုပ်ရည်သန့်ပြန့်၍ ဆက်ဆံရေးကောင်းမွန်သူ၊ ဒေသမရွေး ခရီးသွားနိုင်သူဖြစ်ရမည်။ အသက် (၂၀-၂၅)နှစ်ကြား ဖြစ်ရမည်

၁၂။ Auditor ကျား၊မ(၁)ဦး
-B .Com/CPA ဖြစ်ပြီး စာရင်းအင်းကျွမ်းကျင်စွာစစ်ဆေးနိုင်သူ။

၁၃။ Accountant မ(၅)ဦး
-B.Com,B.Act,DA Stock General Ledger မှ အစမ်းရှင်းတမ်းအထိ ရေးဆွဲနိုင်ပြီး Computer ကျွမ်းကျင်စွာအသုံးပြုနိုင်သူ။

၁၄။ Assistant Accountant မ(၃)ဦး
-B.Com,B.Act,DA,LCCI(III)၊ လုပ်ငန်းအတွေ့အကြုံရှိရမည်။

၁၅။ Store Supervisor ကျား၊မ(၁)ဦး
–ဘွဲ့ရဖြစ်ပြီး စတိုးပစ္စည်းများအား ကောင်းမွန်စွာထိန်းသိမ်းနိုင်သူ။

၁၆။ Computer Software Programer ကျား၊မ(၁)ဦး
–ဘွဲ့ရဖြစ်ပြီး VB,C,Access,Data Base Program ကျွမ်းကျင်သူဖြစ်ရမည်။

၁၇။ Computer Hardware Maintenance ကျား၊မ(၁)ဦး
ဘွဲ့ရဖြစ်ပြီး Computer Hardware Engineering Course ကျွမ်းကျင်သူဖြစ်ရမည်။

၁၈။ Computer Operator ကျား၊မ(၁)ဦး
-Computer စာစီစာရိုက် Microsoft office, E-mail, Internet, Pagemarker များ ကျွမ်းကျင်ရမည်။

၁၉။ Graphic Designer /Auto Card ကျား၊မ(၁)ဦး
–ဘွဲ့ရဖြစ်ပြီး Auto Card,Design ကျွမ်းကျင်စွာရေးဆွဲနိုင်ရမည်။

၂၀။ မော်တော်ယာဉ်မှူး ကျား(၁)ဦး
–မော်တော်ယာဉ်ထိန်းသိမ်းပြုပြင်ခြင်းနှင့် လုပ်ငန်းတာဝန်ချထားခြင်း၊ ဦးဆောင်မှုပေးနိုင်သူ၊ ယာဉ်မောင်းများကို စနစ်တကျတာဝန်ချထားနိုင်သူ ဖြစ်ရမည်။

၂၁။ Security ကျား(၂)ဦး
–ကျန်းမာသန်စွမ်းသူ၊ အသောက်အစားကင်းသူ၊ အသက်(၃၅)နှစ်အောက် ဖြစ်ရမည်။

အမှတ်စဉ်အားလုံးအတွက် အသက်(၃၅)နှစ်ထက် မကြီးစေရ။ အမှတ်စဉ်-(၆၊ ၇ ၊၁၂၊ ၁၄၊ ၁၅၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁)အတွက် လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။ တ/ဥ၊ ရန်ကင်း၊ သင်္ဃန်းကျွန်း၊ တ/ဒဂုံ၊ မ/ဒဂုံနေထိုင်သူကို ဦးစားပေးမည်။ စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်(အကျဉ်း)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊(၆)လအတွင်း ရိုက်ကူးထားသောရောင်စုံဓာတ်ပုံ(၃)ပုံ၊ Labour card copy၊ ရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်း အောင်လက်မှတ်မိတ္တူများကို ပူးတွဲ၍ ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း စာတိုက်သေတ္တာအမှတ် (၈၆၃)သို့ ပေး ပို့လျှောက်ထားနိုင်သည်။ ရွေးချယ်ခြင်းမခံရသောလျှောက်လွှာများအား ပြန်လည်၍ထုတ်ပေးမည်မဟုတ်ပါ။

စာရေးသူ၏ ဘေ့ဘွန်မျက်ရှု့ အားသည်ထိုက်ရိုက်ကို တကျပ်
ထွက်ပြီ
မင်းသစ္စာလှိုင် (ဓာနံ့ဓာနီ)
ဘဂ်ီလားမောင်နှံ

" ပါကေးခင်းရန်စိစဉ်နေသူများအတွက် "
Home Distribution Group
Ready Made Floor
(ပါကေးခင်းပြီးသား ခင်းလျှင်ရသည့်ပြီး)
အထူး Promotion (25.8.07 မှ 31.8.07) ဦးရာလုံးနန်း
No . F2 - 6 (ပ-ထပ်)၊ အောင်ဆန်းကွင်း မြောက်ဘက်တန်း၊ (ဖ.ဆ.ပ.လ ၅၅)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
Ph: 394949, 394950, 394951 Fax: (+95-1-394948)

၁၉၇၀-၁၉၇၇ခုနှစ် ဆေးတက္ကသိုလ်(၁)
ကျောင်းသား၊ ကျောင်းသူများ၏ ဆရာကန်တော့ပွဲနှင့်တွေ့ဆုံပွဲ

သူငယ်ချင်းတို့ရေ...တို့တွေရဲ့ ဘွဲ့ရနှစ်(၃၀)ပြည့် အထိမ်းအမှတ်အဖြစ်...စတုတ္ထအကြိမ် ဆရာကန်တော့ပွဲနှင့် လှူဒါန်းပွဲများကို ၂၀၀၇ ဒီဇင်ဘာလ ၃၀ရက် တနင်္ဂနွေနေ့ မနက် ၉:၃၀ နာရီမှာ လမ်းမတော် ဆေးတက္ကသိုလ်(၁)ခန်းမမှာ ပြုလုပ်ပြီး... အဲဒီနေ့ ညနေ ၆:၃၀နာရီ Traders Hotel-Poolside Garden မှာ ညစာစားရင်း ပျော်ပျော်ပါးပါး တွေ့ဆုံနိုင်ရန်အတွက် အောက်ဖော်ပြပါ သူငယ်ချင်းများထံသို့ စေတနာ အလျောက် အလှူငွေ၊ Recent Passport Photo တစ်ပုံ၊ မိသားစုဓာတ်ပုံ နှင့် Biodata ကိုယ်ရေးအကျဉ်း... များကို ၂၀၀၇ အောက်တိုဘာလ ၃၀ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့စေလိုပါတယ်... လက်လှမ်းမီရာ သူငယ်ချင်းများကို လည်း ဆက်သွယ်အကြောင်းကြားပေးကြပါဦးနော်...

(၁) **အေးအေးမြင့် Professor and Head - Pathology Department IM(1), 09 5003195, 292315®**
(၂) **Naw Rebecca Htin – ဖွဲကပင်ဆေးခန်း၊ ၅၄၇ အောက်ကြည့်မြင်တိုင်လမ်း၊ 09 8023677, 642246®**
(၃) **သိန်းစိုး – SAKURA Hospital, Sanchaung, 291004®**
(၄) **ခင်မိမိ – ကန်တော်ကလေးဆေးကုခန်း၊ မင်္ဂလာတောင်ညွန့် 651538®**
(၅) **Beauty Kyi- 09 5251133, 651165 ext 2724®**

"မွေးနေ့မင်္ဂလာဆုတောင်း"

ဘိုးဘိုး၊ ဘွားဘွားနှင့်ဖေဖေ၊မေမေ တို့ အသက်တမျှ ချစ်ရသော သမီးဦးလေး မနှင်းလေးမြေ (ခ)NOOR HAYATHI ၏ ၂၅-၈-၀၇ နေ့တွင် ကျရောက်သော (၁) နှစ်မြောက် မွေးနေ့မှသည် နောင် နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာခြင်း နှင့်အတူ ပြီးပြည့်စုံသောဘဝကို ပိုင်ဆိုင်ပြီး၊ ဖေဖေ၊ မေမေတို့ရဲ့ အေးမြတဲ့ မေတ္တာရိပ်ရင်ခွင်မှ ထာဝရ ခိုလှုံနိုင်ပါစေ-

သိပ်ချစ်တဲ့ ဘိုးဘိုးဦးစိုးမြင့်-ဘွားဘွားဒေါ်မြမြချစ်(မလှဲ)
ချစ်ဖေဖေ ဒေါက်တာနေဇော်ထွန်း (ဘုတ်ပြင်း၊ ပြည်သူ့ဆေးရုံ)
ချစ်မေမေ ဒေါ်မေရတနာစိုး B.Sc (Chem)
ချစ်အန်တီလေး မမေသစ္စာစိုး 1st Year (Civil TTU)

အောင်သရဖူ
ဘီလီယက်ခုံနှင့် စာပွဲတင်တင်းနစ်ခုံထုတ်လုပ်တပ်ဆင်ဖြန့်ချိရေး အိမ်တွင်းအလှဆင်ခြင်းနှင့် ပရိဘောဂအမျိုးမျိုး
Ph : 09 511 7995, 09 500 8116, Ph : 547049 C/O

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ ရန်ကုန်သစ်ရပ်ကွက် စံရိပ်ငြိမ်ကျောင်းတိုက်၌ သိမ်တော်မြတ်ဆောက်လုပ်ရန်အတွက် တောင်ဥက္ကလာပ(၁၃)ရပ်ကွက် ဒေဝဒဟာလမ်းနေ နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးသန်းထွန်း-ဒေါ်မြင့်မြင့်ခိုင်၊ သား-မောင်ရဲမြတ်သူ မိသားစုက အလှူတော်ငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆရာတော်အရှင်ဇဝန(ပဲခူး) လက်ခံယူစဉ်။ (က-ပ)

FAMILY Entertainment Group
A Member of Forever Group
MRTV-4 INTERNATIONAL
August လအတွင်း International Package ဝယ်ယူကြည့်ရှုသူများအတွက် 10% Off For 1Year Package
International Package
FREE
MRTV MRTV-4 Bloomberg
CNN STAR MOVIES STAR WORLD NATIONAL GEOGRAPHIC CHANNEL
NATGEO ADVENTURE [V] Discovery travel & living
Animal Planet CN MTV EUROSPORT
NEW
ESPN STAR SPORTS
Premium Package
MRTV MRTV-4 5 MOVIES
5 MOVIES 5 SERIES 5 CARTOONS
ESPN STAR SPORTS Bloomberg
Premium နှင့် Super Package နှစ်ခုစလုံးဝယ်ယူထားသူများ ESPN, STAR Sports နှင့် Bloomberg တို့ကို အခမဲ့ကြည့်ရှုခွင့်ရမည်။
Family Entertainment Group Company Limited
34/B, တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
548430, 558874, 559847 Fax: 541420 email : family-ent@myanmar.com.mm

စစ်ကိုင်းတိုင်း မိုးမိတ်ကုန်းမြေတွင် မိုးမိတ်စေတီတော်ကြီးများ (၄၇)ကြိမ်မြောက် ဗုဒ္ဓ၊ ဓမ္မ၊ သံဃပူဇာပွဲတော် ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက-နိကာယကျောင်းတိုက်ကြီးများမှ ၁၃၆၉(၂၀၀၇)ခုနှစ် (၅၉)ကြိမ်မြောက် တိပိဋကစာမေးပွဲ၌ အောင်မြင်တော်မူခဲ့ကြသော ပိဋကစာအောင်သံဃာတော် ၂၃ပါးနှင့် ဘွဲ့ရ ၄၀၊ ကျမ်းစွဲ ၆၈ပါး ဆရာတော် သံဃာတော်များအား ဂုဏာဝိသိဋ္ဌပူဇာပွဲ ကျင်းပမည်ဖြစ်ရာ သင်္ကန်းဒွိစုံများ၊ သာမဏေနှင့် သီလရှင်ဝတ်စုံများ၊ နဝကမ္မ ဝတ္ထုငွေများကို တိ-နိ ရန်ကုန်ဌာန ဖုန်း-၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉နှင့် တိ-နိ မန္တလေးဌာန ဖုန်း ၀၂-၃၀၁၉၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

လှူဒါန်းနိုင်

ပင့်သံဃာတော် အပါး ၇၅၀၊ သာမဏေ၊ သီလရှင် ၆၀၀စသည်တို့ဖြင့် ဘွဲ့ရသံဃာတော်တစ်ပါးလျှင် သင်္ကန်းတစ်စုံ ကျပ် ၆၀၀၀၊ သာမဏေ၊ သီလရှင်ဝတ်စုံတစ်စုံလျှင် ကျပ် ၄၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ဗုဒ္ဓ၊ ဓမ္မ၊ သံဃပူဇာပွဲတော်ကို ၁၃၆၉ခုနှစ် တော်သလင်းလဆန်း ၅ရက်မှ ၈ရက်အထိ (စက်တင်ဘာလ ၁၆ရက်မှ ၁၉ရက်အထိ) ကျင်းပမည်ဖြစ်၍ စာရေးတံမဲအလှူနှင့် ဆွမ်းတော်ကြီးတင် လောင်းလှူပွဲလည်း ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်သတင်းပို့

တိ-နိ ကျောင်းတိုက်ကြီးများမှ ထွက်ခွာ၍ မြို့နယ်အသီးသီးတွင် သီတင်းသုံး နေထိုင်တော်မူကြသော တိ-နိ ဆရာတော် သံဃာတော်များအား ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ပူဇာပွဲတော်ကြီးသို့ ကြွရောက်တော် မူကြပါရန် ပင့်လျှောက်ထားပြီး ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ပူဇာပွဲတော်ကြီးသို့ လိုက်ပါလိုသူများ တစ်ပတ်ကြိုတင်၍ တိ-နိ ရန်ကုန်ဌာနသို့ ဆက်သွယ်သတင်းပေးပို့ကြရန် နိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်

နေပြည်တော် ဩဂုတ် ၂၄

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အားပေးချီးမြှင့်သည်။

အဆိုပါ ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ – အဖွဲ့ဝင် ဝန်ကြီးများ၊ ရှေ့နေချုပ်၊ နေပြည်တော်မြို့တော်ဝန်၊ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဝင်များ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာန အသီးသီးတို့မှ ဝန်ထမ်းများ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

၈၈ မျိုးဆက် ကျောင်းသားအမည်ခံအဖွဲ့ နိုင်ငံတော်တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ထိခိုက်ပျက်ပြားစေရန် လှုံ့ဆော်ကြိုးပမ်း အမျိုးသားညီလာခံ ပျက်ပြားစေရန်နှင့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရန် ကြံစည်လုပ်ဆောင်မင်းကိုနိုင် အပါအဝင် ၈၈ မျိုးဆက် ကျောင်းသားဆိုသူများအား သက်ဆိုင်ရာက ခေါ်ယူစစ်ဆေး မေးမြန်းလျက်ရှိ

စစ်ဆေးတွေ့ရှိချက်များအပေါ် ဥပဒေကြောင်းအရ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်

နေပြည်တော် ဩဂုတ် ၂၄

၁၉၈၈ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် အရေးအခင်းနှင့် မင်းမဲ့စရိုက်များကြောင့် နိုင်ငံတစ်ဝန်းလုံး၌ အခြေအနေအရပ်ရပ် ယိုယွင်းပျက်ပြားကာ နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရားများ ရပ်ဆိုင်းတော့မည့်အခြေအနေ၊ ပြည်သူတို့၏ဘဝ အေးချမ်းလုံခြုံမှုပျက်ပြားရတော့မည့်အခြေအနေနှင့် ပြည်ထောင်စုပြိုကွဲတော့မည့်အခြေအနေများကြောင့် တပ်မတော်သည် နိုင်ငံတော်တာဝန်ကို ၁၈–၉–၁၉၈၈ ရက်တွင် မလွှဲမရှောင်သာ ရယူခဲ့ရသည်။ ထိုသို့တာဝန်ယူခဲ့သည့် အချိန်မှစ၍ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး၊ ပြည်သူများ၏ စားဝတ်နေရေး ချောင်လည်စေရန်နှင့် နေ့စဉ်လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး စသည့် ရည်မှန်းချက်များကို ချမှတ်၍ လက်ငင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ စာမျက်နှာ ၉ ကော်လံ ၁ သို့ ❀

NLD ပါတီဝင်အချို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်ဖျက်ဆီးသည့် လုပ်ရပ်များတွင် ပါဝင်နေ နိုင်ငံရေးပါတီတစ်ခုအနေဖြင့် မိမိတို့ပါတီဝင်များကို ကြပ်မတ်ထိန်းသိမ်းရန် တာဝန်ရှိကြောင်း ပြည်သူများအတွင်း ဝေဖန်ပြောဆိုလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေးကို ရည်မှန်းချက်ပန်းတိုင်အဖြစ်ထားရှိပြီး ပြည်သူများ၏ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်ခိုင်မာစွာ ပေါ်ပေါက်လာစေရန်အတွက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ထိုကဲ့သို့ဆောင်ရွက်မှုများ ပျက်ပြားစေရန်အတွက် ၈၈ မျိုးဆက် ကျောင်းသားအမည်ခံအဖွဲ့က အကြမ်းဖက်မှုများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးသည့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ၎င်းလုပ်ဆောင်မှုများတွင် NLD ပါတီဝင်အချို့သည်လည်း ပါဝင်ပတ်သက်လျက်ရှိကြောင်း တွေ့ရှိရသည်။

လတ်တလောဖြစ်စဉ်များအရ NLD ပါတီဝင်များ၊ NLD လူငယ်အဖွဲ့ဝင်များသည် ၈၈ မျိုးဆက်ကျောင်းသားဆိုသူများနှင့်ပူးပေါင်းပြီး ဆူပူဆန္ဒပြမှုများဖြစ်ပေါ်စေရန် လုပ်ဆောင်မှုများတွင် ပါဝင်လုပ်ဆောင်လာခဲ့ကြောင်းတွေ့ရှိရသည်။ ဩဂုတ် ၂၂ ရက်တွင် NLD ထုတ်ပယ်ခံ၊ NLD ပါတီဝင်နှင့် ၈၈ မျိုးဆက် ကျောင်းသားဆိုသူ အချို့တို့သည် ရန်ကုန်–အင်းစိန် လမ်းမကြီးပေါ်တွင် စီတန်းလမ်းလျှောက် ဆန္ဒပြခဲ့သဖြင့် နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် ပါရမီမီးပွိုင့်အရောက်၌ ဆူပူလှုပ်ရှားမှုကို မလိုလားသော ပြည်သူလူထုက ဆူပူလှုပ်ရှားမှုကို ဖန်တီးလှုံ့ဆော်နေသည့် လူရမ်းကားများအနက် NLD ပါတီဝင်များဖြစ်သည့် နော်အုံးလှ၊ စန်းစန်းမြင့်၊ ထက်ထက်ဦးဝေ၊ ရင်ရင်မြတ်၊ ဒေါ်ရင်ရွှေ၊ စန်းစန်းလွင်၊ သန်းဇော်မြင့်၊ ခင်မောင်ရီတို့ကို တားဆီးထိန်းသိမ်း ခေါ်ဆောင်ပြီး သက်ဆိုင်ရာသို့ အပ်နှံခဲ့သည်။

ထို့အတူ ဩဂုတ် ၂၃ ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်အနီး၌ နံနက် ၁၀ နာရီခွဲခန့်တွင် ဆူပူဆန္ဒပြရန် လှုံ့ဆော်သူများဖြစ်ကြသည့် NLD ပါတီဝင် ထွန်းမြင့်၊ ဆလိုင်းရဲပီဂျင်၊ တင်ဦးမောင်၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ●